# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

### ကန္ဒရဝတီငွေတောင်ပြည်၏ ကျေးလက်လမ်း၊တံတားဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ချက်များ

ဆောင်းပါး စာ - ၁၀

### တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

ပြည်တွင်းသတင်း စာ - ၁၂

### အကြမ်းဖက်မှုဖြစ်လာနိုင်သော ကဘူးလ်မြို့လေဆိပ်

နိုင်ငံတကာရေးရာ စာ - ၁၄



## မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံမျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲစိုက်ပျိုးနိုင်ရေး မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၁၅၀၀၀၀ ကျော် စိုက်ပျိုးမည်

မန္တလေး ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးတောင်သူများ ဝါသီးနှံ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲစိုက်ပျိုးနိုင်ရေးအတွက် မိုးကြိုချည်မျှင်ရှည်ဝါ လျာထားဧက ၁၅၀၀၀၀ ကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးခြင်းသည် တိုင်းဒေသကြီးအတွင်း ရေမြေဒေသအခြေအနေနှင့် ကိုက်ညီသည့် ဝါသီးနှံမျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲစိုက်ပျိုးနိုင်ရန်နှင့် ဝါစိုက်တောင်သူများ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ကုန်ကျစရိတ်လျော့နည်းပြီး ဝါသီးနှံအရည်အသွေးမြင့်မား၍ အထွက်တိုးလာစေရေးအတွက် မိုးကြိုချည်မျှင်ရှည်ဝါမျိုးကို စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ယင်းမျိုးများကို ယနေ့အချိန်ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်၍ ရာခိုင်နှုန်းအနေဖြင့် ၁၃ ဒသမ ၆၆ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း

စာမျက်နှာ ၃ ကော်လံ ၁

## အင်းစိန်ဗဟိုအကျဉ်းထောင် အချုပ်သားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်(ဗဟို) အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားရှိသော အကျဉ်းသား၊ အကျဉ်းသူ/ အချုပ်သား၊ အချုပ်သူများအား လတ်တလော ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကာလအတွင်း ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အကျဉ်းထောင်အတွင်းရှိ ကဇာတ်ရုံ၌ ထိုးနှံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁



အင်းစိန်ဗဟိုအကျဉ်းထောင်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးနေမှုကို တွေ့ရစဉ်။

# အသိ၊ သတိတို့ မြဲမြံစေ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဦးစားပေးအစီအစဉ်များအလိုက် အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။ ယင်းသို့ ထိုးနှံပေးနိုင်ရန်အတွက်လည်း ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များဆီသို့ မြေပြင်ခရီးလမ်းကြောင်းမှလည်းကောင်း၊ ဝေးလံခက်ခဲသည့် ဒေသများဆီသို့ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့မှ လေယာဉ်များဖြင့်လည်းကောင်း အချိန်မီပို့ဆောင်ဖြန့်ဖြူးပေးခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးဘက်ဆိုင်ရာ ပစ္စည်းများ ပြည်ပမှ တင်သွင်းရေး၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်များမှ စစ်ဆေးထုတ်ပေးမှုများ လွယ်ကူချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာဌာနအသီးသီးတို့မှ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းသည် တဖြည်းဖြည်း လျော့နည်းကျဆင်းလာသလို ရောဂါလှိုင်းအစတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲ၊ အကျပ်အတည်းများမှာလည်း ပြေလည်လာခဲ့ပြီဖြစ်သည်။ ခြုံငုံ၍ ကြည့်ပါက အကောင်းဘက်သို့ ဦးလှည့်လာခဲ့ပြီဖြစ်သည်ဆိုသော်လည်း ဒေသအလိုက် ကူးစက်ပျံ့နှံ့နေဆဲ အခြေအနေများ၊ ကူးစက်မှုမြင့်မားနေသည့် အခြေအနေများလည်း ရှိနေရာ လိုအပ်သည့် မြို့နယ်များတွင် Stay at Home အစီအစဉ်ချမှတ်၍ ကန့်သတ်ထိန်းချုပ်နေရဆဲဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု အားကောင်းခြင်းနှင့်အတူ နေ့စဉ် ခတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု ရာခိုင်နှုန်းအရရော အရေအတွက်ပါ ကျဆင်းစပြုလာနေခြင်းက မင်္ဂလာတစ်ပါးဟုပင် ဆိုရမည်ဖြစ်သည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု လုံးဝပပျောက်သွားသည့်အခြေအနေထိ ရောက်ရှိသွားစေရန် ရောဂါကူးစက်မှုကွင်းဆက်များ ဖြတ်တောက်နိုင်ရေး၊ ပြည်သူလူထုအတွင်း လိုအပ်သည့် လူဦးရေရာခိုင်နှုန်းတစ်ခုအထိ ကာကွယ်ဆေးထိုးနှံပြီး ကိုယ်ခံစွမ်းအားပဋိပစ္စည်းများ မြင့်တက်လာစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်သည်။ ကာကွယ်ဆေးထိုးနှံပြီးသူ အရေအတွက် နေ့စဉ်တိုးတက်လာသည်နှင့်အမျှ ကိုယ်ခံစွမ်းအားမြင့်မားလာပြီး ရောဂါကူးစက်ပျံ့နှံ့မှု ကျဆင်းလာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများတွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါသည် မျိုးဗီဇပြောင်းလဲမှုများနှင့်အတူ ကူးစက်မှုအရှိန်အဟုန်မှာလည်း မြင့်မားလျက်ရှိသည်ကို သတိပြုမိကြမည်ဖြစ်သည်။ ကိုဗစ်-၁၉ သည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ခြင်းကြောင့် မိမိနိုင်ငံတွင်း အခြေအနေကောင်းများ ရရှိနေသည့်တိုင်အောင် ပတ်ဝန်းကျင်နိုင်ငံနှင့် နိုင်ငံရပ်ခြားဒေသများမှ ထပ်မံဝင်ရောက်လာပြီး နောက်ထပ်ရောဂါကူးစက်ပြန့်ပွားမှု အသစ်တစ်ဖန် ဖြစ်ပေါ်မလာစေရေး သတိပြုတားဆီးကြရန် လိုအပ်သည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီးသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ရောဂါကူးစက်မှု ကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဆက်လက်လိုက်နာကျင့်သုံးခြင်းဖြင့် ရောဂါကူးစက်မှုကွင်းဆက်ဖြတ်တောက်ရေးကို ပါဝင်ဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းလိုသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် လူသားမျိုးနွယ်များကြားတွင် ပျောက်ကွယ်သွားဦးမည်မဟုတ်ဘဲ အချိန်ကာလအတော်ကြာကြာ တည်ရှိနေနိုင်ကြောင်း သုတေသီများက ခန့်မှန်းတွက်ဆထားကြသည်။ သို့ဖြစ်ရာ မီးကြွင်းမီးကျန်သည် အချိန်မရွေး နေရာမရွေး မီးတောက်မီးလျှံအဖြစ် ပြန်လည်လောင်ကျွမ်းနိုင်သကဲ့သို့ ရောဂါပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရမည်ဖြစ်ပြီး မိမိတို့၏ နေ့စဉ်ဘဝနေထိုင်မှုပုံစံ အလေ့အထတို့ကို ကပ်ရောဂါကူးစက်မှု ကာကွယ်ရေးပုံစံဖြင့် စွဲစွဲမြဲမြဲ ကျင့်သုံးနေထိုင်ကြရမည်ဖြစ်သည်။ ယင်းသို့ နေထိုင်ရာတွင် ကျန်းမာရေးဆိုင်ရာ အသိနှင့်အတူ သတိလည်း မြဲမြံကြရမည်ဖြစ်သည်။ မလိုအပ်ဘဲ အပြင်ထွက်သွားလာမှုများ ရှောင်ရှားရေး၊ လူစုလူဝေးရှောင်ရှားရေး၊ အပြင်ထွက်ရသည့်အခါတိုင်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရေး၊ လက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် စနစ်တကျ မကြာခဏ ဆေးကြောရေး၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေထိုင်ရေးတို့ကို မမေ့မလျော့ မပေါ့သော သတိတရားဖြင့် လူတိုင်းကိုယ်စီ ကျင့်သုံးနိုင်ကြရေးအတွက် အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## လေးမျက်နှာမြို့နယ်ရှိ ကျေး၊ နွားများ ထောင့်သန်းရောဂါနှင့် ပေါင်ပုပ်လက်ပုပ် ကူးစက်ရောဂါကာကွယ်ဆေး အခမဲ့လိုက်လံထိုးနှံပေး

လေးမျက်နှာ ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့တွင် မြစ်ရေဝင်ရောက်နိုင်မည့် ကျေးရွာများရှိ ကျွဲ၊ နွားများအား ကူးစက်ရောဂါ ကာကွယ်ဆေး နေရာအရောက် လိုက်လံထိုးနှံပေးခြင်းကို ဩဂုတ် ၂၅ ရက်က ကတက်ကုန်းကျေးရွာ တိရစ္ဆာန် သက်ကယ်ကုန်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ နွယ်နွယ်အောင်က ကာကွယ်ဆေး ထိုးနှံရခြင်း အကြောင်း ဟောပြောဆွေးနွေးပြီး ကျွဲ၊ နွားခွာလိမ်းဆေး အခမဲ့ ဖြန့်ဝေပေးသည်။

ထို့နောက် မြစ်ရေဝင်ရောက်နိုင်မည့် ကတက်ကုန်းကျေးရွာမှ နွား ၆၂ ကောင်းအား ထောင့်သန်းရောဂါနှင့် ပေါင်ပုပ်လက်ပုပ် ကူးစက်ရောဂါ ကာကွယ်ဆေး အခမဲ့ လိုက်လံထိုးနှံပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကျန်ရှိနေသော ကျေးရွာများမှ ကျွဲ၊ နွားများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေဝေ(လေးမျက်နှာ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၆

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၇ ဒသမ ၆၀ လက်မ၊ ခန္တီးမြို့တွင် ၇ ဒသမ ၃၇ လက်မ၊ ချောင်းဆုံမြို့တွင် ၇ ဒသမ ၀၅ လက်မ၊ သထုံမြို့တွင် ၆ ဒသမ ၄၅ လက်မ၊ မောင်တောမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ ဖောင်းပြင်မြို့တွင် ၄ ဒသမ ၈၈ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ လောင်းလုံးမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ အမ်းမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၃၉ လက်မနှင့် ထားဝယ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၃ ဒသမ ၁၁ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများ ရယူနိုင်မည့် တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09– 88 99 111 55 |
| ၂ | ကချင်ပြည်နယ် | 09– 66 101 55 55 |
| ၃ | ကယားပြည်နယ် | 09– 88 99 000 22 |
| ၄ | ကရင်ပြည်နယ် | 09– 88 99 000 33 |
| ၅ | ချင်းပြည်နယ် | 09– 98 00 00 104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09– 88 99 000 55 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09– 66 106 55 55 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09– 88 99 000 77 |
| ၉ | မကွေးတိုင်းဒေသကြီး | 09– 88 99 000 88 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09– 88 99 000 99 |
| ၁၁ | မွန်ပြည်နယ် | 09– 88 99 111 77 |
| ၁၂ | ရခိုင်ပြည်နယ် | 09– 88 99 111 88 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09– 66 112 55 55 |
| ၁၄ | ရှမ်းပြည်နယ် | 09– 88 99 111 33 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09– 66 114 55 55 |

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

နေပြည်တော် ဩဂုတ် ၂၆

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် (၁)ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁)ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိကြောင်း Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယို အစီအစဉ်များသည် ၂၆-၉-၂၀၂၁ ရက်နေ့မှ ၆-၁၀-၂၀၂၁ ရက်နေ့အထိ နေ့စဉ် (၃)မိနစ်မှ (၁၈)မိနစ်ခန့် အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဖွံ့ဖြိုးမှု၏ အရင်းအမြစ်သည် ကျေးလက်ဒေသများသာဖြစ်

အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကွာဟချက်များကို အတတ်နိုင်ဆုံး လျှော့ချနိုင်အောင် ကြိုးစားလျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးရွာများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ၏ အခြေခံသည် ကျေးလက်ဒေသများဖြစ်သည့်အတွက် ဖွံ့ဖြိုးမှု၏ အရင်းအမြစ်သည် ကျေးလက်ဒေသများသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု ရှိလာမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရေတာရှည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ကေတုမတီ ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ကေတုမတီ ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှု စစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင် ၆ ဒသမ ၂၄ ဖာလုံ လမ်းအကျယ် ၁၂ ပေ အမြင့် မြေသားတစ်ပေထုနှင့် ကျောက်ရောမြေ ကိုးလက်မထုခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တောင်နီကုန်းကျေးရွာတွင် ကျေးရွာတွင်း အရှည် ပေ၂၇၁၀ အကျယ် ၁၂ ပေ ကျောက်ရောမြေကိုး လက်မထုခင်းခြင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့ဝင်များ ကေတုမတီ ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း လီမိတက်မှ မွေးမြူထားသည့် ငါးမွေးကန်အား ကြည့်ရှုစစ်ဆေးစဉ်။

**ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

ယင်းနောက် ကေတုမတီမြို့ အသင်းသား ၃၅ဦး ပါဝင်သည့် ကေတုမတီ ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ မွေးမြူထားသည့် ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်၊ ငါးခုံးမ ငါးမျိုးများ မွေးမြူထုတ်လုပ်နိုင်မှု၊ တင်ပို့ရောင်းချနိုင်မှု၊ ဆေးထိုးသားဖောက်ခြင်းနှင့် ငါးဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အသင်းသားများကို ထောက်ပံ့ပေးမှု၊ ကျန်းမာရေး စောင့်ရှောက်ပေးမှုများကို ကြည့်ရှုစစ်ဆေးပြီး ငါးမွေးမြူရေးထုတ်ကုန်များကို ပိုမိုအမြတ်အစွန်းရရှိရေး တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရန်လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများအား မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်အခြေခံ အဆောက်အအုံလုပ်ငန်းများဖြစ်သည့် ကျေးလက် ရေရရှိရေးလုပ်ငန်း ၃၄၅ခု၊ ကျေးလက်ကုန်ထုတ်လမ်း ၆၆ မိုင် ၇ ဒသမ ၂၉ ဖာလုံ၊ ကျေးလက် ကုန်ထုတ်တံတား ၁၃၆ စင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကျေးရွာ ၃၉၃ ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ ၄၀ နှင့် ကျေးလက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (၉၈)ကြိမ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရွှေဖုံးမှု*

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမွန်က ပြောကြားသည်။

"ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနက ကျေးလက်နေတောင်သူတွေ ဝင်ငွေတိုးတက်ရေး၊ အရည်အသွေးကောင်းသီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ကျွန်မတို့ တိုင်းဒေသကြီးအတွင်းမှာ ချည်မျှင်ရှည်ဝါ စိုက်ပျိုးတာ များပါတယ်။ ဇူလိုင်လနဲ့ ဩဂုတ်လကနေစပြီး စိုက်ပျိုးနေကြပါတယ်။ ဈေးကွက်မှာလည်း ရောင်းတန်းဝင်မျိုးကောင်းတွေ ဖြစ်ပါတယ်။ ဝါကုန်သည်တွေလည်း အရည်အသွေးကောင်း ဝါမျိုးကောင်းမျိုးသန့်တွေကို ရရှိကြမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ တစ်ကွင်း တစ်စပ်တည်းစိုက်တော့ မျိုးကောင်းတွေ ရပါတယ်။ ရေသောက်ဧရိယာအနေနဲ့ ဆည်ရေပေးတဲ့အခါမှာလည်း တစ်ကွင်းတည်းဆိုတော့ ရေပေးဝေတဲ့အခါ အဆင်ပြေပြီး ရေအပြည့်အဝသောက်သုံးနိုင်ပါတယ်။ ဝါမျိုးကောင်းမျိုးသန့် အထွက်နှုန်းတိုးတက်ရေးအတွက်လည်း နည်းပညာတွေကို ပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုမိုးကြို ချည်မျှင်ရှည်ဝါများကို ခရိုင် ခုနစ်ခရိုင်တွင် စိုက်ပျိုးနေသည့် ဧကများမှာ မန္တလေးခရိုင်တွင် လျာထားဧက ၃၂၈ ဧက၊ ပြင်ဦးလွင်ခရိုင်တွင် လျာထားဧက ၁၇၃၄ ဧက၊ ကျောက်ဆည်ခရိုင်တွင် လျာထားဧက ၃၃၁၃၈ ဧက၊ မိတ္ထီလာခရိုင်တွင် လျာထားဧက ၃၅၆၅၂ ဧက၊ မြင်းခြံခရိုင်တွင် လျာထားဧက ၂၀၃၈၈ ဧက၊ ညောင်ဦးခရိုင်တွင် လျာထားဧက ၈၇၇ ဧကနှင့် ရမည်းသင်းခရိုင်တွင် လျာထားဧက ၅၈၉၀၀ တို့ဖြစ်ပြီး အဆိုပါ ခရိုင်အလိုက် စိုက်ပျိုးဧကများထဲမှ စိုက်ပျိုးပြီးနေသည့် ဧကသည် ဧက၂၀၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၈/၂၀၂၁) MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၈/၂၀၂၁)ကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MWD HD၊ MWD Variety၊ MITV၊ One News၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်သွားမည် ဖြစ်သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ မြဆည်းဆာ ဘိုးဘွားရိပ်သာတွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကြည့်ရှု

**မော်လမြိုင် ဩဂုတ် ၂၆**

မွန်ပြည်နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ မြဆည်းဆာ ဘိုးဘွားရိပ်သာတွင် အသက်ဖ၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၁ ဦးအား ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပရဟိတစေတနာ့ဝန်ထမ်းများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားပြီး အာဟာရဖြည့် အစားအစာများ လှူဒါန်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်များအလိုက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို လူဦးရေစာရင်းများအရ တိကျမှန်ကန်စွာ ထိုးနှံနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ပြည်သူများ တစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ကိုဗစ်- ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

မွန်ပြည်နယ်အနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၉၅၀၀၀ ကို ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ယခုထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို မော်လမြိုင်မြို့နယ်အပါအဝင် သက်ဆိုင်ရာမြို့နယ်များအလိုက် သတ်မှတ်နေရာများ၌ ဩဂုတ် ၂၇ရက်မှစ၍ ထိုးနှံပေးမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံပေးရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် စီစဉ်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များ မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားရိပ်သာ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှု ကြည့်ရှုစဉ်။



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၆**

မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေး မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ အရှေ့ခါးရိုးပရိယတ္တိ စာသင်တိုက်၊ အောင်ဆုပန် ဓမ္မရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တောင်ပေါက်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ရေကူးကျောင်းတိုက်၊ ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ရှိ စန္ဒာမုနိကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ သစ္စာအောင်မြေစံကျောင်းတိုက်နှင့် ကျောက်ပန်းတောင်းမြို့နယ် သပြေရိုးကျေးရွာ ရွာဦးကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ရွာဘဲတောင်ပေါ် ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **သတင်းစဉ်**

□ *ရှေ့ဖုံးမှ*

**အားလုံးကို ထိုးနှံပေး**

“ ဒီကနေ့ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း ထိန်းသိမ်းထားတဲ့ အကျဉ်းသူ၊ အကျဉ်းသား/ အချုပ်သူ၊ အချုပ်သားတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှုဟာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပြောရရင် နောက်ရက်တွေမှာလည်း ပထမအကြိမ် ထိုးပြီးသားသူတွေကို ထပ်မံထိုးပေးသွားမှာဆိုတော့ ဒီကနေ့ဟာ တစ်ကျော့ပြန် စတင်ထိုးပေးတဲ့ ပထမဆုံးနေ့ပါ။ ပထမအကြိမ် ထိုးနှံတာက စုစုပေါင်း ၇၂၀၀ ဝန်းကျင်ဆိုတော့ သုံးလေးရက်လောက်တော့ ရက်ဆက်ထိုးနှံပေးရမယ့် သဘောရှိပါတယ်။ အားလုံးကို ထိုးနှံပေးသွားမှာပါ” ဟု အင်းစိန် ဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဒုတိယအကြိမ် ထိုးနှံ**

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ ဆောင်ရွက်ပေးရာတွင် အကျဉ်းထောင် (အင်းစိန်)ရှိ အကျဉ်းသား၊ အချုပ်သား စုစုပေါင်း၂၄၁၇ဦးအား ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်လမ်းညွှန်ထားသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ဒုတိယအကြိမ် ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

ယခုဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးသူများသည် ပြီးခဲ့သော ဇူလိုင် ၂၈ ရက်က ပထမအကြိမ် ထိုးနှံခဲ့သူများဖြစ်သည်။

ယင်းသို့ ကာကွယ်ဆေး ထိုးနှံပေးရာတွင် အကျဉ်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦးနှင့် အင်းစိန် ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်လင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး အကျဉ်းထောင်ဆေးရုံမှ ဆေးရုံအုပ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံလင်းထွန်းနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ ဆေးမှူးများက ဆေးထိုးနှံပေးကြောင်း သိရသည်။

**သတင်း-မြင့်မိုရ်**
**ဓာတ်ပုံ-မင်းထက်**



အင်းစိန်ဗဟိုအကျဉ်းထောင်၌ အကျဉ်းသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံရေး အခမ်းအနားကျင်းပစဉ်။



အင်းစိန်ဗဟိုအကျဉ်းထောင်၌ အကျဉ်းသားများ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံရန်အတွက် ကျန်းမာရေးစစ်ဆေးနေမှုကို တွေ့ရစဉ်။

# ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော ရဟန်းသာမဏေများအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



ပျဉ်းမနား ဩဂုတ် ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော ရဟန်းသာမဏေများအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်နှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ (ဝဲပုံ)

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဇော်ဖြိုး(ပြန်/ဆက်)**

# စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်နှင့် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

**ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီနှင့် ပဲ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တတိက္ခ (ဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော သံဃာတော်(၃)ပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူ**

အခမ်းအနားတွင် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တတိက္ခ (ဂန္ထဝါစကပဏ္ဍိတ) ထံမှ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း အမှူးပြုသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြပြီး ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**အနုမောဒနာတရားနာ**

ထို့နောက် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တတိက္ခ (ဂန္ထဝါစကပဏ္ဍိတ) ထံမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လှူဒါန်းပွဲ ဆက်လက်ကျင်းပ**

ဆက်လက်၍ ဗဟန်းမြို့နယ် စတုဘုမ္မိကကျောင်း၌ ဝါဆိုဝါကပ်တော်မူသော ဆရာတော် သံဃာတော်များနှင့် ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူသော ဆရာတော် သံဃာတော်များထံ ဆွမ်းဆန်တော်၊ ဆီနှင့်ပဲ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းရာတွင် စမ်းချောင်းမြို့နယ် လင်းလွန်းပင်



ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူသော သံဃာအပါး ၂၅၀ အတွက် ဆန်အိတ် ၄၀၊ ဆီ ပိဿာ ၈၀၊ ပဲ ၁၄၄ ပိဿာ၊ ဗဟန်းမြို့နယ် စတုဘုမ္မိကကျောင်း၌ ဝါဆိုဝါကပ်တော်မူသော သံဃာအပါး ၈၀ အတွက် ဆန် ၁၆ အိတ်၊ ဆီ ပိဿာ ၄၀၊ ပဲ ၄၈ ပိဿာနှင့် ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူသော သံဃာအပါး ၉၀ အတွက် ဆန် ၁၈ အိတ်၊ ဆီ ပိဿာ ၅၀ ၊ ပဲပိဿာ ၆၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းတို့ကိုလည်း ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ ဆက်လက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေါမြို့နယ်၌ ဆန်တစ်ပြည်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် လိုက်လံရောင်းချပေး

ဝေါ ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်စေရန်အတွက်ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ယမန်နေ့မွန်းလွဲပိုင်းမှ စတင်ကာ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် လိုက်လံရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ လိုက်လံရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် တာဝန်ရှိသူများကကြီးကြပ်ကာ ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်းဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်၌ တန်ဖိုးသင့်ဆန်နှင့် ဆီ လာရောက်ရောင်းချပေး

**ကော့မှူး ဩဂုတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အတွင်းရှိ ပြည်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် မြို့သစ်ရပ်ကွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ လာရောက်ရောင်းချပေးကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူ စားသုံးနိုင်ရေးအတွက် ဧည့်မထဆန် တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်း၊ ငါးပြည်အိတ် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဖြင့်လည်းကောင်း၊ ပေါ်ဆန်း တစ်ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်း၊ ငါးပြည်အိတ် တစ်အိတ်ကို ငွေကျပ် ၈၅၀၀ နှုန်း ဖြင့်လည်းကောင်း၊ ဆီ ၅၀ သား တစ်ဘူးလျှင် ငွေကျပ် ၁၈၅၀ ဖြင့် ကော့မှူးမြို့နယ်ရှိ ပြည်သူများအား ရွေ့လျားဈေးကားများဖြင့် လာရောက်ရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

**မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ**

နေပြည်တော် ဩဂုတ် ၂၆

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း

## ဖိလစ်ပိုင်နိုင်ငံ

ကော်ရယ်လ်ခိုင်

*(ယမန်နေ့မှအဆက်)*

လက်တလောတွင် ဖိလစ်ပိုင်နိုင်ငံ၌ National Identification System ကို ထူထောင်ရန် အဆိုပြုသည့် ဥပဒေမူကြမ်းကို အောက်လွှတ်တော်က အတည်ပြုပြီးဖြစ်သဖြင့် လက်ရှိတွင် Voter ID Card ထုတ်ပေးသည့်လုပ်ငန်းစဉ်ကို ရပ်ဆိုင်းထားပါသည်။ သို့သော် Voter ID Card အစား မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ပြီးဖြစ်ကြောင်း အသိအမှတ်ပြုသည့်ဖြတ်ပိုင်းတစ်ခု (Acknow-ledge Recepit) ကို မဲဆန္ဒရှင်များက လက်ခံရရှိမည်ဖြစ်ပါသည်။ ယင်းဖြတ်ပိုင်းတွင် မဲဆန္ဒရှင်၏ ID Number ထည့်သွင်းဖော်ပြထားပါသည်။

ပထမဆုံးအကြိမ် မဲပေးမည့် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ (First-Time Voters)သည် မဲဆန္ဒရှင်စာရင်း မှတ်ပုံတင်ရန် သက်ဆိုင်ရာသံရုံးသို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ကိုယ်တိုင်သွားရောက်၍ လက်ဗွေနှင့် လက်မှတ် (Digital Signature) မှတ်တမ်းတင်ခြင်းစသည်တို့ကို မဖြစ်မနေ ဆောင်ရွက်ရပါသည်။ လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်မှတ် (Passport) နှင့် ဓာတ်ပုံယူဆောင်လာရမည်ဖြစ်ပါသည်။ Dual Citizen ဖြစ်ပါက Dual Citizen ဖြစ်ကြောင်း အတည်ပြုထားသည့်လက်မှတ် (မူရင်း)နှင့် မိတ္တူကိုပါ တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် ဖိလစ်ပိုင်ရွေးကောက်ပွဲကော်မရှင်ဝက်ဘ်ဆိုက်၏ iRehistro System အတွင်းသို့ဝင်ရောက်၍ ဖြစ်စေ၊ ov.concerns@comelec.gov.ph သို့ E-mail ပေးပို့၍ ဖြစ်စေ၊ Facebook Messenger မှတစ်ဆင့်ဖြစ်စေ မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုနိုင်ပါသည်။ နိုင်ငံပြင်ပသို့ မရောက်ရှိမီ ပြည်တွင်း၌ Biometric မှတ်တမ်းတင်ထားပြီးဖြစ်သည့် မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ သွားရောက်၍ ထပ်မံမှတ်တမ်းတင်ရန် မလိုအပ်ပါ။

နေရာပြောင်းရွှေ့ခြင်းမှတစ်ပါး မဲဆန္ဒရှင်များအနေဖြင့် တစ်ကြိမ်သာ မှတ်ပုံတင်ရန် လိုအပ်ပါသည်။ ၂၀၂၂ ခုနှစ် ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်စာရင်း မှတ်ပုံတင်နိုင်သည့်ကာလမှာ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိဖြစ်ကြောင်း ဖိလစ်ပိုင် ရွေးကောက်ပွဲကော်မရှင်က ကြေညာထားပြီးဖြစ်ပါသည်။

**ဆန္ဒမဲပေးခြင်း**

မဲရုံဖွင့်ချိန်မှာ နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်ပါသည်။ ဆန္ဒမဲပေးရာတွင် မဲဆန္ဒရှင်များသည် Secrecy Folder ဖြင့် ဖုံးထားသည့် မဲလက်မှတ်နှင့် ဘောလ်ပင် (Marker) ကို မဲရုံမှူး (Board of Election Inspector Chairman) ထံမှရယူပြီး မိမိနှစ်သက်ရာကိုယ်စားလှယ်များကို ဆန္ဒပြုရွေးချယ်ပါသည်။ ယင်းနောက်တွင် မဲလက်မှတ်ကို မဲရေတွက်သည့်စက် (Vote Counting Machine-VCM) အတွင်း ထည့်သွင်းပြီး Secrecy Folder နှင့် ဘောလ်ပင်ကို မဲရုံဝန်ထမ်းထံ ပြန်လည်အပ်နှံပါသည်။ ထို့နောက် ဆန္ဒမဲပေးပြီးကြောင်း လက်ချောင်းတွင် မင်တို့ပြီးပါက VCM စက်မှ ထွက်လာသည့် လက်ခံဖြတ်ပိုင်း(Voter Recepit) ကို သတ်မှတ်ထားသည့်ပုံးအတွင်း ထည့်သွင်းရပါသည်။ ယင်းလက်ခံဖြတ်ပိုင်းကို မဲရုံပြင်ပသို့ ယူဆောင်သွားခွင့် မရှိပါ။ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များအနေဖြင့် သံရုံး/ကောင်စစ်ဝန်ရုံးတွင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ဆန္ဒမဲပေးနိုင်ပါသည်။


**မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် နိုင်ငံသား အသိပညာပေးခြင်း**

မဲဆန္ဒရှင်အသိပညာပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ဖိလစ်ပိုင်ရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်ပြီး နိုင်ငံသားအသိပညာပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ဖိလစ်ပိုင်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဆောင်ရွက်ကြပါသည်။

**ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲသည့်အဖွဲ့အစည်း**

ဖိလစ်ပိုင်ရွေးကောက်ပွဲကော်မရှင် (Commission of Elections- COMELEC) သည် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲ၊ လူထုဆန္ဒခံယူပွဲ၊ သမဂ္ဂရွေးကောက်ပွဲ အစရှိသည့် မည်သည့်ရွေးကောက်ပွဲမဆို စီမံခန့်ခွဲကြီးကြပ်ရန် တာဝန်ရှိပါသည်။ COMELEC သည် အမှီအခိုကင်းမဲ့ပြီး သီးခြားလွတ်လပ်စွာ ရပ်တည်သည့်အဖွဲ့အစည်း (Independent Body) ဖြစ်ပြီး လက်ရှိတွင် ဥက္ကဋ္ဌအပါအဝင် ကော်မရှင်အဖွဲ့ဝင်ခြောက်ဦး စုစုပေါင်း ခုနစ်ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို Commission of Appo-intment (CA) ၏ သဘောတူညီချက်ဖြင့် သမ္မတက ခန့်အပ်ခြင်းဖြစ်ကာ သက်တမ်းကာလမှာ ခုနစ်နှစ်ဖြစ်ပြီး သက်တမ်းတစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိပါ။ ထို့ပြင် ခန့်အပ်သည့်နေ့ရက်ပေါ်မူတည်၍ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်ပြီးဆုံးချိန်ကာလအပိုင်းအခြားမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ လက်ရှိဥက္ကဋ္ဌမှာ H.E. Mr. Sheriff M. Abas ဖြစ်ပြီး ယခင်ဥက္ကဋ္ဌ H.E. Mr. Andres D. Bautista နုတ်ထွက်သွားသည့်အတွက် ၎င်း၏နေရာတွင် အစားထိုးခန့်အပ်ခြင်းဖြစ်ပါသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွေးကောက်ပွဲ၊ လူထုဆန္ဒခံယူပွဲ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခြင်း အစရှိသည်တို့နှင့် သက်ဆိုင်သောမူဝါဒ၊ လုပ်ငန်းလမ်းညွှန်နှင့် ညွှန်ကြားချက်များကို ချမှတ်ပါသည်။ ဥက္ကဋ္ဌသည် ဖိလစ်ပိုင်ရွေးကောက်ပွဲကော်မရှင်၏ အမှုဆောင်ညွှန်ကြားရေးမှူးချုပ်လည်း ဖြစ်ပြီး ကော်မရှင်၏ဆုံးဖြတ်ချက်၊ မူဝါဒများကို အကောင်အထည်ဖော်ရန်နှင့် ရုံးပိုင်းဆိုင်ရာ စီမံအုပ်ချုပ်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် အမှုဆောင်ညွှန်ကြားရေးမှူး (Executive Director) ဦးစီးသောရုံးအဖွဲ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ ပြည်နယ်၊ မြို့၊ ဒေသန္တရအုပ်ချုပ်ရေး နယ်မြေများရှိ ရွေးကောက်ပွဲကော်မရှင်ရုံးခွဲများကို ကြီးကြပ်ရန် Regional Election Director Filed Office၊ Provincial Election Supervisor Field Office နှင့် City and Municipal Election Office ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းထားရှိပါသည်။ ဖွဲ့စည်းပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-




**တွေ့ရှိချက်**

မဲဆန္ဒရှင်များသည် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ရုံးခွဲများသို့ ကိုယ်တိုင်သွားရောက်၍ မှတ်ပုံတင်ရသည့်အတွက် တိကျ၊ မှန်ကန်၊ ပြည့်စုံသည့်မဲဆန္ဒရှင်စာရင်း ရရှိနိုင်ပါသည်။ ထို့ပြင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲများကို တစ်ချိန်တည်း ကျင်းပ ဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်နှင့် ငွေကြေးစရိတ်စက အကုန်အကျသက်သာနိုင်သည်ကို တွေ့ရှိရပါသည်။

**နိဂုံး**

သမိုင်းကြောင်းတစ်လျှောက်ကို ကြည့်မည်ဆိုပါက ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များစွာကို ကြုံတွေ့ခံစားခဲ့ရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုကွဲပြားခြားနားသည့် အုပ်စုများစွာရှိသော်လည်း စိတ်ရှည်မှု၊ သည်းခံမှုနှင့်အတူ ဒီမိုကရေစီ လမ်းကြောင်းပေါ်ရောက်ရှိရန် ကြိုးစားအားထုတ်ခဲ့ ကြပါသည်။ ထို့ပြင် ဒီမိုကရေစီစနစ်၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရွေးကောက်ပွဲများ ကို ခေတ်နှင့် လျော်ညီစွာ IT နည်းပညာများကို ပြောင်းလဲအသုံးပြု၍ ကျင်းပလျက်ရှိပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**“မဲဆန္ဒရှင်များသည် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ရုံးခွဲများသို့ ကိုယ်တိုင်သွားရောက်၍ မှတ်ပုံတင်ရသည့်အတွက် တိကျ၊ မှန်ကန်၊ ပြည့်စုံသည့်မဲဆန္ဒရှင်စာရင်း ရရှိနိုင်ပါသည်။ ထို့ပြင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲများကို တစ်ချိန်တည်း ကျင်းပဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်နှင့် ငွေကြေးစရိတ်စက အကုန်အကျသက်သာနိုင်သည်ကို တွေ့ရှိ”**

**ကျမ်းကိုး**

https://www.constituteproject.org/constitution/Philippines_1987.pdf?lang=en
https://comelec.gov.ph/index.html?r=References/RelatedLaws/Omnibus_ElectionCode
https://comappt.gov.ph/
https://www.asianparliament.org/parliament/philippines/31/1/view/
https://worldpopulationreview.com/countries/philippines-population
https://psa.gov.ph/classification/psgc/
https://www.senat.fr/senatsdumonde/english/philippines.html
https://londonpe.dfa.gov.ph/halalan-2022/how-to-register
https://www.youtube.com/watch?v= c7msuW4SMII
https://www.rappler.com/nation/elections/frequently-asked-questions-voter-registration-coronavirus-pandemic
https://aceproject.org/regions-en/countries-and-territories/PH/ default?set_language=en
https://en.wikipedia.org/wiki/Elections_in_the_Philippines
https://en.wikipedia.org/wiki/Partylist_representation_in_the_House_of_Representatives_of_the_Philippines
https://www.electionguide.org/countries/id/171/
https://comelec.gov.ph/?r=AboutCOMELEC/OrganizationalInfo/OrganizationalStructure
https://comelec.gov.ph/?r=AboutCOMELEC/OrganizationalInfo/OrganizationalChart

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် side event သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ပါဝင်တက်ရောက်



**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင် အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိလည်းကောင်း၊ Dialogue Between the Asia Forum for Human Rights and Development (FORUM–ASIA)/ Asian NGO Network on NHRIs (ANNI) and the Southeast Asia NHRIs Forum (SEANF) ကို ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ ဖိုရမ်၏ ၂၀၂၁ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ virtual online platform ဖြင့် ကျင်းပသည်။ **(ယာပုံ)**

လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ မလေးရှား နိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။

### လူ့အခွင့်အရေးကိစ္စများ ဆွေးနွေး

လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ၂၀၂၁ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်း အဖွဲ့အစည်းအဝေးအပြီး ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အဓိက တိုးတက် ဖြစ်ထွန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများကို မျှဝေဆွေးနွေးခြင်း၊ ဖိုရမ်၏ Website ထူထောင်ရေးနှင့် ဖိုရမ်၏ အမှတ်အသားတံဆိပ်ဖန်တီးနိုင်ရေး ကိစ္စရပ်များ၊ ၂၀၂၂ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ရေး ကိစ္စရပ်၊ ဖိုရမ်၏ ၂၀၂၂–၂၀၂၆ မဟာဗျူဟာ စီမံကိန်းရေးဆွဲရေးနှင့် စပ်လျဉ်း၍ တိုးတက် ဆောင်ရွက်မှုများ၊ ကိုဗစ်–၁၉ ကပ်ရောဂါကာလ အလွန် ကပ်ဘေးသင့် လူမှုအသိုက်အဝန်းများ အတွက် စီးပွားရေး အခွင့်အရေးများဆိုင်ရာ အကြံပြု တိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ စဉ်းစားဆွေးနွေးခြင်း၊ ဖိုရမ်နှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) တို့အကြား ထိတွေ့ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသော တိုးတက် ဆောင်ရွက်မှုများ၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူး ချုပ်ရုံး တည်ထောင်ရေးနှင့် စပ်လျဉ်း၍ တိုးတက် ဆောင်ရွက်မှုများ၊ သက်ကြီးရွယ်အိုအခွင့်အရေးများ ဘာသာရပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်နှင့် ဖိုရမ်၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပရေးကိစ္စရပ်များ အစရှိသော လူ့အခွင့်အရေး နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ကိုယ်စားလှယ် အဖွဲ့များက ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးအကြံပြု

လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက ဖိုရမ်၏ ပထမအကြိမ်လုပ်ငန်း အဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များနှင့် ရင်ဆိုင် ကြုံတွေ့ရသော စိန်ခေါ်မှုများ ကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ကိုဗစ်–၁၉ ကပ်ရောဂါ ကာလအလွန် ကပ်ဘေးသင့် လူမှုအသိုက်အဝန်းများ၏ စီးပွားရေးအခွင့်အရေးများ အလားအလာခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အခြားသော လူ့အခွင့်အရေး ကိစ္စရပ်များတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးအကြံပြုမှုများ ပြုလုပ်ခဲ့ကြသည်။

### ပါဝင်တက်ရောက်

ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော Dialogue Between the Asia Forum for Human Rights and Development (FORUM–ASIA)/ Asian NGO Network on NHRIs (ANNI) and the Southeast Asia NHRIs Forum (SEANF) သို့ ဖိုရမ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင် အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြပြီး SEANF နှင့် FORUM–ASIA/ ANNI တို့အကြား လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို အဓိက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာအကြီးအကဲများ အစည်းအဝေး (DGICM)နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

**(၂၄)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာအကြီးအကဲများ အစည်းအဝေး (DGICM)နှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ယမန်နေ့ နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။** (ယာပုံ)




ရှေးဦးစွာ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ (၂၃)ကြိမ်မြောက် DGICM ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက (၂၄)ကြိမ်မြောက် DGICM ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် Mr. Jaime H Morente ထံ DGICM ဥက္ကဋ္ဌ တာဝန် အထိမ်းအမှတ်ရုပ်တုကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လွှဲပြောင်းပေးအပ်သည်။

ထို့နောက် (၂၄)ကြိမ်မြောက် DGICM ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဗျူရိုမှ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အကြီးအကဲများက နိုင်ငံအလိုက် လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာဆောင်ရွက်မှုများ၊ The Master Plan on ASEAN Connectivity (MPAC) ၂၀၂၅ ဆိုင်ရာ ကနဦးဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် အကြီးအကဲများက စင်ကာပူနိုင်ငံမှ တာဝန်ယူဆောင်ရွက်မည့် (၂၅)ကြိမ်မြောက် DGICM အစည်းအဝေး ကျင်းပနိုင်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(၂၄) ကြိမ်မြောက် လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာအကြီးအကဲများအစည်းအဝေး (DGICM) နှင့်အတူ ဆက်စပ် အစည်းအဝေးများဖြစ်သည့် (၄)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေး အဓိက စစ်ဆေးရေးဂိတ်များ၏ အကြီးအကဲများဖိုရမ် (AMICF)နှင့် (၁၆) ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ထောက်လှမ်းရေးဆိုင်ရာဖိုရမ် (AIIF)၊ (၁၆) ကြိမ်မြောက် DGICM နှင့် ဩစတြေးလျ ဆွေးနွေး ညှိနှိုင်းပွဲတို့ကိုလည်း ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

**နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ်တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ တာချီလိတ်၊ ထီးခီး ကုန်သွယ်ရေးစခန်းခြောက်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂၅ ခုမှ ယာဉ်စီးရေ အစီး ၅၀ ဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်လေးစီးဖြင့် ၆၉ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၂၁ တန်၊ အောက်ဆီဂျင်(အိုးခွံ)



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

၁၃၁၇၃ ခု၊ Oxygen Plant ခုနစ်ခု၊ အိမ်သုံး Oxygen Concentrator ၉၁၉ ခု၊ Covid Test Kit ၄၁၀၄ ခု၊ PPE ဝတ်စုံ ၄၈၀၀ နှင့် နှာခေါင်းစည်း (Mask) ၂၅ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်လေးစီးမှာ မန္တလေးမြို့၊ ပဲခူးမြို့၊ ရန်ကုန်မြို့နှင့် နေပြည်တော်သို့ဖြစ်ပြီး Oxygen Plant ခုနစ်ခုမှာ ရန်ကုန်မြို့သို့ သုံးခုနှင့် မန္တလေးမြို့သို့ နှစ်ခု၊ မြင်းခြံမြို့နှင့် စစ်တွေမြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက် ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ သားငါးများ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ်တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဇုဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချခြင်း အစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်းဖြန့်ဖြူး ရောင်းချသောကုမ္ပဏီ ၁၈ ခုမှ အိမ်သုံးဆေးဝါး ၁၆၄ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၇၈ သိန်းကျော်တန်ဖိုးရှိဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈)နေရာ၌လည်း နဝမ မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ၃၆ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်းလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရွှေ့လျားဈေးကားဖြင့် သားငါးများ ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဆေးနှင့်ဆေးပစ္စည်းများ၊ သားငါးများ ရောင်းချပေးနေစဉ်။

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

**တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ္တရာမြို့နယ် ရေနံ့သာငါးလုပ်ငန်းစခန်းသို့ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေလှောင်တမံသို့ သွားရောက်၍ ဆည်အတွင်း ရေသိုလှောင်ထားရှိမှု၊ တမံနှင့် ရေထိန်းတံခါးများ ကြံ့ခိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်တာဝန်ရှိသူများ မတ္တရာမြို့နယ် ရေနံ့သာငါးလုပ်ငန်းစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၂၀၀ နှင့် အင်းစိန် ဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူနှင့် အချုပ်သား၊ အချုပ်သူ စုစုပေါင်း ၂၄၁၇ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၃၀၉ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၃၆၉၅ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နှင့် မိုးညိုမြို့နယ်အတွင်းရှိ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၂၅၁ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက် ပြီးစီးသည့် စင်တာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ကိုဗစ်- ၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၂၈ ဦးနှင့် အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၁၉၉ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသားတစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၁၀၂ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့ လူနာအမျိုးသား ၃၂ ဦး နှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၃၃ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၌ အကောင်းဆုံးဆေးရုံဆုများ ချီးမြှင့်

**မော်လမြိုင် ဩဂုတ် ၂၆**

မွန်ပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ဆေးရုံအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကာလအတွင်း လူနာများအား ကာကွယ်၊ ကုသရေးလုပ်ငန်းများအပြင် ပုံမှန်ဆေးရုံ လုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိရာ ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆေးရုံလုပ်ငန်းများ အကောင်းဆုံး ဆောင်ရွက်ပေးနိုင်သည့် မြို့နယ်အဆင့် ဆေးရုံဆုနှင့် တိုက်နယ်အဆင့် ဆေးရုံဆုများကို ရွေးချယ်ချီးမြှင့်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်ဆေးရုံကိုးခုနှင့် တိုက်နယ်ဆေးရုံ ၂၉ ခုတို့၏ ဆေးရုံအညွှန်းကိန်း နှိုင်းယှဉ်ဖော်ပြချက်များ၌ ကိုဗစ်-၁၉ လူနာတက်ရောက်ကုသမှုအရေအတွက်ကို ထည့်သွင်းဖော်ပြခဲ့ရာ မြို့နယ်အဆင့် အကောင်းဆုံး စွမ်းဆောင်နိုင်သော ဆေးရုံဆုကို သံဖြူဇရပ်မြို့နယ်ဆေးရုံနှင့် တိုက်နယ်အဆင့် အကောင်းဆုံးစွမ်းဆောင်နိုင်သောဆေးရုံဆုကို ပေါင်မြို့နယ် အလုပ်တိုက်နယ်ဆေးရုံတို့မှ ရရှိသည်။

သံဖြူဇရပ်မြို့နယ်ဆေးရုံနှင့် ပေါင်မြို့နယ် အလုပ်တိုက်နယ်ဆေးရုံတို့သည် အကောင်းမွန်ဆုံး ဆောင်ရွက်နိုင်သော ဆေးရုံများဖြစ်သည့်အတွက်ဆုများကို မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ နန္ဒဝင်းက ချီးမြှင့်ပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကန္တာရဝတီငွေတောင်ပြည်၏ ကျေးလက်လမ်း၊ တံတားဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ချက်များ

◇◇◇◇◇◇◇◇◇◇◇◇ သူရအောင်အောင် (ကန္တာရဝတီ) ◇◇◇◇◇◇◇◇◇◇◇◇

**ကန္တာရဝတီငွေတောင်ပြည် (ကယားပြည်နယ်) သည် သဘာဝ၏အလှတရားများနှင့်ဝန်းရံနေပြီး မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင် တည်ရှိသည်။ သဘာဝတောတောင် ရေမြေအလှတရားများဝန်းရံ၍ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုများ ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်ပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင် အနောက်တောင်ဘက်တွင် ကရင်ပြည်နယ်နှင့်နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး မြောက်လတ္တီကျူ ၁၈ ဒီဂရီ ၀ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၄၀ မိနစ်နှင့် ၉၇ ဒီဂရီ ၉၃ မိနစ်ကြားတွင် တည်ရှိပါသည်။**

ကယားပြည်နယ်တွင် လွိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်ဟူ၍ ခရိုင်နှစ်ခုရှိပြီး လွိုင်ကော်ခရိုင်တွင် လွိုင်ကော်မြို့၊ ဒီးမော့ဆိုမြို့၊ ဖရူဆိုမြို့နှင့် ရှားတောမြို့နယ်တို့ပါဝင်၍ ဘော်လခဲခရိုင်တွင် ဘော်လခဲမြို့၊ ဖားဆောင်းမြို့၊ မယ်စဲ့မြို့နယ်တို့ ပါဝင်ကာ စုစုပေါင်းမြို့နယ် ခုနစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ဧရိယာအားဖြင့် ၁၁၇၃၂ km² နှင့် လူဦးရေ သုံးသိန်းခန့် နေထိုင်ပါသည်။ ကယားပြည်နယ်၏ မြို့တော်မှာ လွိုင်ကော်မြို့ဖြစ်ပြီး အထင်ကရနေရာများအဖြစ် တောင်ကွဲစေတီတော်၊ ထီးပွင့်ကန်၊ ကန်ခုနှစ်ဆင့်ရေကန်၊ ငွေတောင်ဆည်၊ လောပိတရေအားလျှပ်စစ်စက်ရုံ၊ ထီးစဲခါးရေတံခွန်၊ ကယန်းရိုးရာပန်ပက်တို့အပြင် အခြားစိတ်ဝင်စားဖွယ် နေရာများလည်းများစွာရှိသည်။



လွိုင်ကော်မြို့နယ် ဘုရားဖြူ- ပလဖ- ဘီလူးချောင်းလမ်းဆုံလမ်းကို တွေ့ရစဉ်။

ကယားပြည်နယ်တွင် မြို့နယ်ပေါင်းခုနစ်မြို့နှင့် ကျေးရွာပေါင်း ၅၀၆ ရွာ ရှိသည့်အနက် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ပေးရသော မြို့နယ်များမှာ လွိုင်ကော်မြို့၊ ဒီးမော့ဆိုမြို့၊ ဖရူဆိုမြို့၊ ရှားတောမြို့၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့၊ မယ်စဲ့မြို့တို့ဖြစ်ပြီး ကျေးရွာအုပ်စု ၂၆ ခု ကျေးရွာ ၁၇၂ ရွာများရှိလမ်းများအား ရာသီမရွေးသွားလာနိုင်သောလမ်းများ ဖြစ်စေရေးအတွက် ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ၂၀၃၀ မဟာဗျူဟာရည်မှန်းချက်အား ပန်းတိုင်အဖြစ် သတ်မှတ်ကာ ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

### ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မူဝါဒနှင့် ရည်မှန်းချက်

**မူဝါဒ**

- ❖ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်။

**ရည်မှန်းချက်**

- ❖ ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ရောက်ရှိရေး၊
- ❖ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊
- ❖ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရေး၊
- ❖ ၂၀၃၀ ပြည့်နှစ် မြန်မာနိုင်ငံရှိ ကျေးရွာများ အားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ် အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊

**"ကျေးရွာအုပ်စု ၂၆ ခု ကျေးရွာ ၁၇၂ ရွာများရှိလမ်းများအား ရာသီမရွေး သွားလာနိုင်သောလမ်းများ ဖြစ်စေရေးအတွက် ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၃၀ မဟာဗျူဟာရည်မှန်းချက်အား ပန်းတိုင်အဖြစ် သတ်မှတ်ကာ ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ"**

ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအား ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဌာန၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးရွာလူဦးရေ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါသည်။

### ကယားပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း နေထိုင်ကြသည့် ကျေးလက်နေပြည်သူ လူဦးရေအတွက် မြေသားလမ်းမှ ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းအဖြစ်လည်းကောင်း၊ မူလပျက်စီးအိုဟောင်းနေသော သစ်သားတံတားများအား သံကူကွန်ကရစ်တံတားများအဖြစ်သို့ လည်းကောင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်နှင့် မြို့ပြလူနေမှုဘဝ ကွာဟမှုကျဉ်းမြောင်းစေရန် ရည်ရွယ်ချက်ဖြင့် အချိန်နှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ရာ၌ ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က အခြေအနေမှာ ကယားပြည်နယ်အတွင်း ကွန်ကရစ်လမ်း(၆/ ၅.၁၉)မိုင်၊ ကတ္တရာလမ်း(၃၉/၀.၄၂၃)မိုင်၊ ကျောက်လမ်း(၁၁၄/၁.၇၈၇) မိုင်၊ မြေသားလမ်း (၂၈၆/၄.၄၃)မိုင်၊ စုစုပေါင်း (၄၄၆/၃.၈၃)မိုင်ဖြစ်ပြီး ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအနေဖြင့် ရာသီမရွေးသွားလာနိုင်သောလမ်း ၃၅ ရာခိုင်နှုန်းနှင့် ခြောက်သွေ့ရာသီတွင် သွားလာနိုင်သောလမ်း ၆၅ ရာခိုင်နှုန်းသာရှိခဲ့သော အခြေအနေ ဖြစ်ပါသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု/ ပြည်နယ် ရန်ပုံငွေများဖြင့် ကျေးလက်လမ်း/ တံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ကုန်ဆုံးပြီးပါက ကွန်ကရစ်လမ်း (၂/၂)မိုင်၊ ကတ္တရာလမ်း (၅၁/၃.၂)မိုင်၊ ကျောက်လမ်း (၄၆/၂.၀၈)မိုင်၊ မြေသားလမ်း (၅၅/၄.၄) မိုင် စုစုပေါင်း (၁၅၅/၃.၆၈)မိုင်အား ကျေးလက်နေပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ တံတားများအနေဖြင့်လည်း သံကူကွန်ကရစ်တံတား ၆၅ စင်း၊ CH သံပေါင်တံတား နှစ်စင်း၊ ရေကျော်နှစ်စင်း၊ လူကူးကြိုးတံတား တစ်စင်း၊ ရိုးရိုးလူကူးတံတားတစ်စင်းနှင့် မြောင်းကူးတံတား ၄၁၇ စင်း စုစုပေါင်း ၄၈၈ စင်းတို့အား အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်းရှိကျေးလက်လမ်းများအား ရာသီမရွေးသွားလာနိုင်သောလမ်း ၆၀ ရာခိုင်နှုန်းအထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့ပြီး



ရှားတောမြို့နယ်တွင် တည်ဆောက်ထားသော သရီးဒါး-ဒေါဝယ်ရောလမ်းပေါ်ရှိ CH သံပေါင်တံတားကို တွေ့ရစဉ်။

*စာမျက်နှာ ၁၁ သို့*



ဒီးမော့ဆိုမြို့နယ် ဒေါခလိုက်လင်း- ထေးထူဖျ- ကန်ခုနစ်ဆင့် ကတ္တရာလမ်းကို တွေ့ရစဉ်။



ဘော်လခဲမြို့နယ် မိုင်းထမ်း- ဝမ်ချယ်- ချိကွဲ့- စောင်းလော့ ကတ္တရာလမ်းကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

ကျန်သော ကျေးလက်လမ်း ၄၀ ရာခိုင်နှုန်းအား ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

မဟာဗျူဟာရည်မှန်းချက်၏ အဆင့်လိုက် ရည်မှန်းချက်များဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် လူဦး ရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၂၅၀ နှင့် အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၉၀ ရာခိုင်နှုန်းတို့ကို ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်ပေး သွားနိုင်ရေးတို့အား ဆက်လက်၍ ဆောင်ရွက်လျက် ရှိပါသည်။

**ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ အမှတ်တရလမ်းများ**

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ခဲ့သော လမ်းများ အနက် အဓိကကျသော လမ်းများမှာ ရေယို- နိုးကိုး- ကုန်းသာလမ်း၊ ဒေါခလိုက်လင်း- ထေးထူဖျ- ကန်ခုနှစ်ဆင့်လမ်း၊ မိုင်းထမ်း- ဝမ်းချယ်လမ်း အစရှိသောလမ်းများဖြစ်သည်။ ယင်းတို့အနက် လွိုင်ကော်မြို့အတွက် အမှတ်တရအဖြစ်ဆုံးလမ်းကို ညွှန်းပြရမည်ဆိုပါက လွိုင်ကော်မြို့ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ဖောက်လုပ်ခဲ့ရသည့် အရှည် (၄/၂.၂၅)မိုင်ရှည်သည့် ဘုရားဖြူ- ပလဖ စခန်း- ဘီလူးချောင်းလမ်းဆုံအထိ လမ်းပင်ဖြစ်ပေတော့သည်။ ယင်းလမ်းတည်ရှိရာ ယခင်ဆည်မြောင်း တာပေါင်ဟောင်းနေရာသည် သစ်ပင်၊ ချုံနွယ်များ ထူထပ်စွာပေါက်ရောက်လျက်ရှိပြီး ဘီလူးချောင်း တစ်လျှောက်တွင်ရှိသော လယ်ကေများစွာကို ရေမလွှမ်းစေရန် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ မိုးတွင်းရောက် နွေအခါပါ တစ်ဆက်တစ်စပ် တည်းသွားလာ၍မရသဖြင့် လယ်ယာစိုက်ပျိုးသူများ အခက်အခဲ ကြုံတွေ့ရပါသည်။ ယင်းတာပေါင် ဟောင်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လုပ်ငန်းတင်ဒါခေါ်ယူခဲ့ကာ ယခင် တာပေါင်ဟောင်းအား Core သဖွယ် အမာခံထားပြီး စက်ယန္တရားကြီးများဖြင့် မြေကြီးကျင်းပေါင်း မြောက်မြားစွာသယ်ယူ၍ လမ်းတာပေါင်အား ၂၆ ပေ အကျယ်ရအောင် ဆောင်ရွက်ခဲ့ပြီး ယင်းမြေသား တာပေါင်ပေါ်မှ ၁၆ ပေ အကျယ်ကျောက်ချောလမ်းကို တစ်ဆက်တည်း ဆောင်ရွက်ခဲ့သည့်အတွက် ယခု အချိန်တွင် ခရီးလမ်းပန်းချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်ပါသည်။

ယခင်(၁၀ ပေ/ ၁၂ ပေ) အကျယ်ခန့်သာရှိသော ဆည်မြောင်းတာပေါင်ပေါ်တွင် မိုးရာသီအတွင်း သွားလာ၍ မရအောင်ခက်ခဲခဲ့ရာမှ ကျယ်ပြန့်သော မြေသားတာပေါင်နှင့် ချောမွေ့သော ကျောက်ချော လမ်းကို တည်ဆောက်ပေးခဲ့သည့်အတွက် လွိုင်ကော်မြို့ အရှေ့ခြမ်းရှိ ပြည်သူလူထုများ၊ လွိုင်ကော်မြို့ အနောက်ခြမ်း နန်းမယ်ခုံ မြို့နယ် အတွင်းရှိ ဆင်တောင်၊ လီဝိုး၊ နန်းမယ်ခုံ၊ ဘုရားဖြူ၊ မောင်းတော၊ ကပွယ်ချူ၊ မြို့မရှမ်း၊ မြို့မကယန်း စသည့် လွိုင်ကော်မြို့ အနောက်ခြမ်းနေ ပြည်သူတို့ သည် ယခင်က မိမိတို့အနောက်အရပ်မှ လွိုင်ကော် မြို့သို့ လာမည်ဆိုပါက ဒီးမော့ဆိုမြို့နယ် ငွေတောင် ဆည်ကို ဖြတ်သန်း၍လည်းကောင်း၊ ရှမ်း- ကယား နယ်စပ် ဖယ်ခုံမြို့ကိုလည်းကောင်း မိုင် ၂၀ ခန့် ကွေ့ပတ်သွားနေရသည့်အဖြစ်မှ ယခုဖောက်လုပ် ပြီးစီးခဲ့သော ဘုရားဖြူ- ပလဖ- ဘီလူးချောင်းလမ်း ဆုံအထိ ဖြတ်လမ်းပြီးစီးသွားသောကြောင့် လွိုင်ကော်မြို့သို့ ခုနစ်မိုင်ခန့်ဖြင့် အချိန်တိုအတွင်း ရောက်ရှိနိုင်ပြီဖြစ်သလို လယ်ယာကုန်ထုတ်လမ်း အဖြစ်လည်း များစွာအထောက်အကူ ဖြစ်စေခဲ့ပါ သည်။

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ဌာန၏မူဝါဒ၊ ရည်မှန်းချက်နှင့် မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ ကယား ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက် နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးလာစေရန်အတွက် နှစ်စဉ် ကျေးလက်လမ်း/ တံတားလုပ်ငန်းများကို စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာဖြင့် ရေရှည် တည်တံ့အောင် ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

▼ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံမှ ရေထွက်ကုန် များ ပြည်ပသို့ တင်ပို့ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၇၁၅ ဒသမ ၃၃၇ သန်းရရှိခဲ့ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်ကာလတွင် ဩဂုတ် ၈ ရက်အထိ အမေရိကန်ဒေါ်လာ ၆၅၀ ဒသမ ၃၆ သန်းရရှိထားရာ ယမန်နှစ် ဘဏ္ဍာနှစ်ကိုပြည့်မီရန် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅၀၁ သန်း လိုအပ်သောကြောင့် ရေချို/ရေငန် ရေထွက်ကုန်ပစ္စည်း များ အရှိန်မပျက်လည်ပတ်မှုဖြင့် ယခင်ဘဏ္ဍာနှစ်ကို ပြည့်မီရန် ဆောင်ရွက်လျက်ရှိသည်။

"ပထမရေထွက်ကုန် တင်ပို့မှုမှာ ကွန်တိန်နာသင်္ဘော အခက်အခဲရှိလာတော့ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းဆောင်ရွက်မှုနဲ့ OSS ကို တင်လိုက်ပြီး မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရဲ့ ဆောင်ရွက်ပေးမှုနဲ့ ဇွန်လပိုင်းကစပြီး ကွန်တိန်နာ သင်္ဘောတွေ အဆင်ပြေလာတယ်။ ပြီးတော့ ငါးလုပ်ငန်းနဲ့ ပတ်သက်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံတော်က ထိုးနှံပေးမယ်ဆိုတော့ ရေထွက်ကုန် ဝယ်လက်နိုင်ငံတွေလည်း ကျန်းမာရေးအတွက် စိတ်ချမှုရှိလာတယ်။ တိုင်းပြည်မှာ စီးပွားရေးလုပ်ငန်းတွေ ရပ်မသွားဖို့ အရေးကြီးတယ်။ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေး ကဏ္ဍအပါအဝင် သက်ဆိုင်ရာကဏ္ဍတွေ တာဝန်ကျေဖို့လိုမယ်။ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ လုပ်ငန်း ပုံမှန်လည်ပတ်ဖို့ ခံယူထားပါတယ်။ ပုံမှန်နီးနီးလည်း လည်ပတ်နေပါပြီ။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ကို ပြည့်မီအောင် ဒီနှစ်ဘဏ္ဍာနှစ်မှာ ကျန်တဲ့နှစ်လတာနီးပါးအတွင်း ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ရေထွက်ကုန် ၁၇၅ မျိုးတွင် ဈေးကွက်ဝင်ရေထွက်ကုန်များကို နိုင်ငံမျိုးစုံသို့ တင်ပို့လျက်ရှိပြီး ရေချို၊ ရေငန်ထွက်ကုန်ဖြစ်သော ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းကို အဓိကထား တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှပြည်ပသို့ ရေထွက်ကုန်တင်ပို့ရာတွင် ၁၀ လအတွင်း အမေရိကန်ဒေါ်လာ ၆၅၀ ဒသမ ၈၃၆ သန်း ရရှိခဲ့ပြီး တစ်လလျှင် ပျမ်းမျှဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၆၅ သန်း ရရှိခဲ့သောကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကာလ၌ကျန်ရှိသော တစ်လနှင့် သုံးပတ်အတွင်း ယခင်နှစ်ဝင်ငွေကိုပြည့်မီရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့် ကြိုးပမ်း ဆောင်ရွက်နေကြောင်း သိရသည်။ **ညိမ်းသူ( သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

❑ *ကျော့ဖုံးမှ*

ရှုံးနိမ့်ထားသည့်အတွက် ရမှတ်ရရှိထားခြင်း မရှိသေးပေ။

ဝက်စ်ဘရွန်း အသင်းသည် ယနေ့ပွဲစဉ်တွင် ပြီးခဲ့သည့် ဘန်လေအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည့် ကစားသမားစာရင်းကို အပြောင်းအလဲပြုလုပ်ကာ အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ အာဆင်နယ်အသင်းက ပြီးခဲ့သည့် ချယ်ဆီးအသင်းနှင့်ပွဲစဉ်မှ ရှုံးနိမ့်ခဲ့သည့် ကစားသမားစာရင်းကို ခုနစ်ဦးအထိ အပြောင်းအလဲ ပြုလုပ်ပြီး ဝက်စ်ဘရွန်းအသင်းကို ရင်ဆိုင်လာခဲ့သည်။

အာဆင်နယ် အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် နှစ်ပွဲအပါအဝင် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် နိုင်ပွဲမရရှိဘဲ လေးပွဲစလုံး ရှုံးနိမ့်ထားသည့်အတွက် ဝက်စ်ဘရွန်းအသင်းကို အနိုင်ရယူပြီး ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် အားစိုက်ကစားလာခဲ့သည်။ ပွဲချိန် ၁၇ မိနစ်တွင် အာဆင်နယ်အသင်း ဂိုးစတင်ရရှိခဲ့ပြီး အူဘာမီယန်က သွင်းယူပေးနိုင်ခဲ့သည်။ အဖွင့်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ဝက်စ်ဘရွန်း အသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း အာဆင်နယ် အသင်း၏ ဖိအားပေးမှုကိုသာ ရင်ဆိုင်ခဲ့ရသည်။ ပွဲချိန်ပြီးခါနီးတွင် အာဆင်နယ်အသင်းမှ အူဘာမီယန်နှင့် ပီပီတို့က နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းကို အာဆင်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း တွင်လည်း အာဆင်နယ် အသင်းကသာ ဖိအားပေးတိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၅၀ ၊ ၆၃ မိနစ်နှင့် ၆၉ မိနစ်တွင် ဆာကာ၊ အူဘာမီယန်နှင့် လာကာဇက်တို့က အသင်းအတွက် သွင်းယူပေးနိုင်ခဲ့သည်။ ဝက်စ်ဘရွန်းအသင်းသည် ယနေ့ပွဲစဉ်တွင် ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရပြီး အာဆင်နယ်အသင်းဘက်သို့ ဂိုးကန်သွင်းမှု အချို့ပြုလုပ်နိုင်ခဲ့သော်လည်း အဆုံးသတ် မသေချာမှုကြောင့် လိုအပ်နေသည့် ချေပဂိုးများနှင့် ဝေးကွာခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ် အသင်းသည်ကာရာဘောင်ဖလား ပြိုင်ပွဲ တတိယအဆင့်တွင် အေအက်ဖ်စီဝင်ဘယ်ဒန် အသင်းနှင့် စက်တင်ဘာလတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသော ပွဲစဉ်တွင် နယူးပို့သ် ကောင်တီနှင့် ဆောက်သမ်တန် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဆောက်သမ်တန်အသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နယူးကာဆယ်နှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင် ဘန်လေအသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရောဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး



**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေး သိုလှောင်ခန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ဆေးသိုလှောင်ရေးတပ်တို့တွင် ထားရှိသည့် ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ Sinopharm ဆေးအလုံး ၂၈၁၁၀၊ Syringe အချောင်း ၈၅၀၀၊ Needles အချောင်း ၈၅၀၀ နှင့် SINOVAC ဆေးအလုံးရေ ၁၁၆၀၊ ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့သို့ Sinopharm ဆေးအလုံး ၁၀၀၀၀၊ Syringe အချောင်း ၁၀၀၀၀ နှင့် Needles အချောင်း ၁၀၀၀၀၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ Sinopharm ဆေးအလုံးရေ ၂၁၃၇၄ လုံး၊ Syringe ၉၈၃၄ ချောင်းနှင့် Needles ၉၈၃၄ ချောင်း၊ SINOVAC ဆေးအလုံးရေ ၆၆၈လုံး၊ Redmisiver အပါအဝင် ကိုဗစ်ဆိုင်ရာ ကုသဆေးများကို တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပေးပို့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံယူပြီး သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယင်းသို့ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ)ပို့ဆောင်ရေးလေယာဉ်များဖြင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Price in Kyats(Retail) | Company Name |
|---|---|---|---|
| **Anti-inflammatory** | | | |
| 1 | P.O Dexamethasone | 1450 | JDS |
| 2 | P.O Prednisolone | 2000 | Aorta |
| 3 | Injection-Dexamethasone | 160 | Aorta |
| **Antiviral** | | | |
| 4 | P.O Favipiravir 400 mg | 50000 | AA Medical |
| 5 | Injection - Remdesivir | 70000 | GHI |
| **Anti thrombosis** | | | |
| 6 | Injection Enoxaprim 40mg | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60mg | 9000 | Nyi Lay Naing |
| **Symptomatic** | | | |
| 8 | P.O Paracetamol 500 mg | 1500 | AA Medical |
| 9 | P.O Dextromethophan | 1450 | AA Medical |
| 10 | P.O Bromhexine | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။



## ရခိုင်ပြည်နယ် မောင်တောမြို့သို့ အောက်ဆီဂျင်ထုတ်စက်ရောက်ရှိ

**မောင်တော ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့သို့ ယနေ့ မွန်းလွဲ ၂ နာရီက ပြည်သူ့ဆေးရုံကွင်းအတွင်း အောက်ဆီဂျင်ထုတ်စက်ရောက်ရှိရာ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို မြို့နယ်အတွင်း အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် မောင်တောမြို့နေပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက်ရုံကို ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိရာ အောက်ဆီဂျင်စက်ရုံမှာ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ငွေကျပ် ၆၀၈၇၅၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကရုဏာကွန်ရက်အဖွဲ့ဝင်များက အောက်ဆီဂျင်စက်ယာယီထားရှိမည့်နေရာသို့ ကူညီရွှေ့ပြောင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံလည်ပတ်ပါက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၈၀ မှ ၁၂၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း မြို့နယ်အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ထံမှ သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

# အမေရိကန်များနှင့် အာဖဂန်မိတ်ဆွေများကို ကယ်ထုတ်ရန် အချိန်ကန့်သတ်ချက်မလိုကြောင်း ဘလင်ကန်ပြော

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အမေရိကန်များနှင့် အာဖဂန်မိတ်ဆွေများကို အာဖဂန်မှထွက်ခွာရာ၌ ကူညီပေးရန် အားထုတ်ကြိုးပမ်းမှုများကို ဩဂုတ် ၃၁ ရက်နောက်ပိုင်းတွင်လည်း ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန်နိုင်ငံအနေဖြင့် ၎င်း၏တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်မှ ဩဂုတ်လကုန်အဆုံးသတ်ပြီး ဆုတ်ခွာရန် ရည်ရွယ်ထားကြောင်း ပြောကြားပြီး တစ်ရက်အကြာတွင် ဘလင်ကန်သည် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်နှင့်ပတ်သက်ပြီး ရှင်းပြရန် ဩဂုတ် ၂၅ ရက်က သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ဘလင်ကန်က ကျန်ရှိခဲ့သော အမေရိကန်နိုင်ငံသားများနှင့် အမေရိကန်တပ်ဖွဲ့များနှင့် နှစ်ပေါင်းများစွာကြာအောင် လက်တွဲခဲ့သော အာဖဂန်မိတ်ဆွေများကို ကူညီရန်နှင့် အမေရိကန်၏ လုပ်ဆောင်မှုတွင် အချိန်ကန့်သတ်ချက်မရှိကြောင်း ပြောကြားခဲ့သည်။

ဩဂုတ် ၁၄ ရက်အထိ အာဖဂန်မှထွက်ခွာချင်သော အမေရိကန်နိုင်ငံသား ၆၀၀၀ ခန့်ရှိကြောင်း ၎င်းတို့အနက် လွန်ခဲ့သော ၁၀ ရက်က အမေရိကန်နိုင်ငံသား ၄၅၀၀ ခန့်ကို အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဘလင်ကန်က ပြောသည်။ ထို့အပြင် နောက်ထပ် အယောက် ၅၀၀ နှင့်လည်း အဆက်အသွယ်ရရှိပြီး ဘယ်လိုမျိုးထွက်ခွာရမလဲဆိုပြီး လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်ရှိနေသော အမေရိကန်နိုင်ငံသား ၁၀၀၀ နှင့် အဆက်အသွယ်ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း ဘလင်ကန်က ဖြည့်စွက်ပြောကြားခဲ့သည်။



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်လေဆိပ်မှ ထွက်ခွာရန် အမေရိကန်စစ်ဘက်ဆိုင်ရာ လေယာဉ်ပေါ်သို့ တက်ရန် တန်းစီစောင့်နေသူများကို တွေ့ရစဉ်။

နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် ဂျီ-၇ ခေါင်းဆောင်များသည် ဩဂုတ် ၃၁ ရက် နောက်ဆုံးကန့်သတ်လိုက်သည့်အပေါ် စိုးရိမ်မှုများဖော်ပြခဲ့သည်။ အဆိုပါနေ့မတိုင်မီ ၎င်းတို့နိုင်ငံသားများကို အာဖဂန်နစ္စတန်နိုင်ငံမှ မကယ်ထုတ်နိုင်မည်ကို စိုးရိမ်ခဲ့ကြသည်။

ဘလင်ကန်၏ ဩဂုတ် ၂၅ ရက် သတင်းစာရှင်းလင်းပွဲက အဆိုပါစိုးရိမ်မှုသံသယများကို ပြေပျောက်စေရန် သိသိသာသာရည်ရွယ်ခဲ့သည်။

ဘလင်ကန်က အမေရိကန်နိုင်ငံသည် အာဖဂန်ပြည်သူများအပေါ်မှန်ကန်သော အခြေခံအခွင့်အရေးများကို မကျင့်သုံးပါက အနာဂတ်အစိုးရကို သီးသန့်ဖယ်ထားရန် သင့်တော်သော လုပ်ဆောင်ချက်မှန်သမျှ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုများ

### အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇ ဒသမ ၆၂ သန်းရောက်ရှိ

အာဖရိကတွင် ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၆၂၀၁၀၆ ဦး ရောက်ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိက စီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးသူပေါင်းမှာ ၁၉၁၈၁၈ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၆၇၃၉၀၁၄ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်မှုအများ ဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

### ကဘူးလ်လေဆိပ်ပေါက်ကွဲမှုကြောင့် ၁၀ ဦးထက်မနည်း သေဆုံး

အာဖဂန်မြို့တော် ကဘူးလ်လေဆိပ်အပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်းသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာများတွင် ဩဂုတ် ၂၆ ရက်က ဖော်ပြသည်။

အာဖဂန်မှ ထွက်ခွာရန် ထောင်ပေါင်းများစွာသော လူများသည် လေဆိပ်တွင် လေယာဉ်စောင့်နေသည့်အတွက် လေဆိပ်၌ အကြမ်းဖက်တိုက်ခိုက်မှုများကို သတိထားရန် အနောက်နိုင်ငံများက သတိပေးပြီးနောက် အသေခံဗုံးဖောက်ခွဲရေးသမားက အဆိုပါ ဖောက်ခွဲမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် တာလီဘန်အစောင့်တပ်ဖွဲ့များလည်း ဒဏ်ရာရသူများစာရင်းတွင် ပါဝင်လာသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၂ ဒသမ ၅ သန်း ကျော်ရှိလာ

**နယူးဒေလီ ဩဂုတ် ၂၆**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၆၁၆၄ ဦး အပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၅၅၈၅၃၀ အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၀၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃၆၃၆၅ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ လွန်ခဲ့သော ရက်အတော်ကြာက ကျဆင်းခဲ့ပြီးနောက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက် တိုးလာသည်မှာ လွန်ခဲ့သည့်နှစ်ရက်ကျော်ကတည်းကဖြစ်သည်။

လတ်တလော ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားလျက်ရှိသူ ၃၃၃၇၂၅ ဦးအထိ ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ကောင်းမွန်လာပြီးဆေးရုံမှ ဆင်းလာသူပေါင်း ၃၁၇၈၈၄၃၀ ရှိလာကြောင်းသိရသည်။ **ဆင်ဟွာ**




အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ် နမူနာရယူနေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁ ဒသမ ၉ သန်းနီးပါးရှိလာ

**မနီလာ ဩဂုတ် ၂၆**

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၆ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၆၃၁၃ ဦး တိုးလာပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၈၉၉၂၀၀ အထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။



ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့်နောက်ထပ် ၂၃၆ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၂၇၂၈ ဦးအထိ ရှိလာခဲ့သည်။

မြို့တော်မနီလာတွင် ဒယ်လ်တာအသွင်ပြောင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် တင်းကျပ်သော ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများကို ဩဂုတ် ၃၁ ရက်အထိ ဆက်လက်ထုတ်ပြန်ထားသည်။

ဒယ်လ်တာကိုဗစ်-၁၉ သန္ဓေပြောင်းမျိုးစိတ်သစ်သည် တခြားကိုဗစ်-၁၉ မျိုးစိတ်သစ်များကို လွှမ်းမိုးကျော်လွန်ပြီး လျင်လျင်မြန်မြန်ကူးစက်ပျံ့နှံ့နေကြောင်း ဖိလစ်ပိုင်သက်ရှိဇီဝပစ္စည်း၏ မျိုးပွားပစ္စည်းလေ့လာရေးဌာန အမှုဆောင်ညွှန်ကြားရေးမှူး ဆင်သီယာဆယ်လိုမာကပြောသည်။ ကိုဗစ်-၁၉ ကူးစက်မှု၏ ၄၂ ရာခိုင်နှုန်းခန့်မှာ ဒယ်လ်တာကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရေးတကြီးဆောင်ရွက်ရန် ကိစ္စမရှိပါက လူတိုင်းအိမ်ထဲတွင် သာနေထိုင်ကြရန် ကျန်းမာရေးဝန်ကြီးဌာနအကြီးအကဲ မာရီယာရိုဆာရီယိုဗာဂျီရီက တိုက်တွန်းပြောကြားထားသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၇ သန်းကျော် ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# အကြမ်းဖက်မှု ဖြစ်လာနိုင်သော ကဘူးလ်မြို့လေဆိပ်

ကေကေစိုး

**ကဘူးလ်မြို့လေဆိပ်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ ထွက်ခွာသွားလိုကြသည့် ပြည်သူများနှင့်ပြည့်နှက်နေပြီး အကြမ်းဖက်တိုက်ခိုက်မှုနှင့် တွေ့ကြုံနိုင်ဖွယ်ရှိသည့်အတွက် အနောက်နိုင်ငံသားများသည် ၎င်းတို့၏ နိုင်ငံသားများကို အဆိုပါနေရာမှ ထွက်ခွာသွားရန် သတိပေးထားသည်။**

### သတိပေးထား

ကဘူးလ်မြို့လေဆိပ်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားလာဖွယ်ရှိသည်ဟု ဩဂုတ် ၂၆ ရက်တွင် အနောက်နိုင်ငံများက သတိပေးထားသည်။ တာလီဘန်များလက်မှ လွတ်မြောက်ရန်အတွက် ကယ်ဆယ်ရေးလေယာဉ်များကို စောင့်ဆိုင်းနေကြသည့် လူများ ထောင်နှင့်ချီ၍ ရှိနေသည်။ ဩဂုတ်လ ၁၅ ရက်တွင် အာဖဂန်နစ္စတန်ကို တာလီဘန်များက ထိန်းချုပ်လိုက်ပြီးသည့်နောက်တွင် နိုင်ငံအတွင်းမှထွက်သွားရန်ကြိုးပမ်းကြသည့် အာဖဂန်များနှင့် နိုင်ငံခြားသား အရေအတွက်မှာ ၈၀၀၀၀ နီးပါးရှိပြီဖြစ်သည်။

### ဖရိုဖရဲဖြစ်မှုများ ပေါ်ပေါက်လာ

လေဆိပ်အတွင်းနှင့်အပြင်ဘက်တွင် လူစုလူဝေးကြီးရှိနေသည်။ ဩဂုတ် ၃၁ ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို အာဖဂန်မြေပေါ်မှ ဆုတ်ခွာပြီးကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်တော့မည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့ပြီးနောက် အချို့သော နိုင်ငံခြားလေကြောင်းလိုင်းများမှာ လေယာဉ်ပြေးဆွဲမှုများကို ရပ်ဆိုင်းမှုများပြုလုပ်လာသည့်အတွက် လေဆိပ်ကြီး၌ စောင့်ဆိုင်းနေကြသူများကြားတွင် ဖရိုဖရဲဖြစ်မှုများ ပေါ်ပေါက်လာသည်။

### ရှောင်ရှားကြရန်သတိပေး

အမေရိကန်အစိုးရနှင့် ၎င်းတို့၏ မဟာမိတ်နိုင်ငံများသည် အကြမ်းဖက်တိုက်ခိုက်မှုများပေါ်ပေါက်လာနိုင်သည်ဟု ထပ်မံသတိပေးထားသည်။ ၎င်းတို့၏ နိုင်ငံသားများကိုလည်း လေဆိပ်ကို ရှောင်ရှားကြရန် သတိပေးထားသည်။ ဩစတြေးလျနိုင်ငံ၏ နိုင်ငံခြားရေးရာဌာနကလည်း အကြမ်းဖက်တိုက်ခိုက်ခံရမှုအန္တရာယ်မှာ အလွန်နီးစပ်နေကြောင်း ပြောကြားခဲ့သည်။

ကဘူးလ်မြို့ရှိ ဟာမစ်ကာဇိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ခြင်းမပြုကြရန် သတိပေးချက်ထုတ်ပြန်ထားသည်။ အကယ်၍ လေဆိပ်အနီးတစ်ဝိုက်တွင် ရောက်ရှိနေပါက လုံခြုံစိတ်ချရသည့်နေရာသို့ ရွှေ့ပြောင်းပြီးနောက် နောက်ထပ်အကြံပြုချက်များကို စောင့်ဆိုင်းရန် ပြောကြားထားသည်။

### ပစ်မှတ်ထားလျက်ရှိ

ဗြိတိန်နိုင်ငံသည်လည်း အလားတူသတိပေးချက် ထုတ်ပြန်ထားသည်။ မကြာသေးမီနှစ်များအတွင်း ကြောက်မက်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှုအချို့မှာ အိုင်အက်စ်တို့၏ လက်ချက်ပင်ဖြစ်သည်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ နှစ်နိုင်ငံစလုံးမှ ပြည်သူများမှာ အိုင်အက်စ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုကိုခံစားခဲ့ရသည်။ အိုင်အက်စ်အုပ်စုမှာ ယခုအခါ ရှီးယားများအပါအဝင် အယူမသီးသည့် အုပ်စုများကို ရေးရိုးရာအစဉ်အဆက် ယုံကြည်မှုနှင့်ဆန့်ကျင်သည်ဟုဆိုကာ ပစ်မှတ်ထားလျက်ရှိသည်။

### ကြောက်ရွံ့ကြ

အိုင်အက်စ်နှင့်တာလီဘန်တို့မှာ သဘောထားတင်းမာသည့်ဆွန်နီစစ်သွေးကြွများဖြစ်သော်လည်း ၎င်းတို့အချင်းချင်းမှာမူ ပြိုင်ဘက်များအဖြစ်သဘောထားကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆန့်ကျင်ကြလျက်ရှိသည်။ တာလီဘန်များသည် ၂၀၀၁ ခုနှစ်တွင် အမေရိကန်တို့ ကျူးကျော်မှုကြောင့် နိုင်ငံအတွင်း ၎င်းတို့၏ အုပ်ချုပ်မှုအာဏာကို လက်လွှတ်ခဲ့ရသော်လည်း ယခုတစ်ကြိမ်တွင်မူ ပိုမိုသဘောထားပျော့ပျောင်းသည့် အုပ်ချုပ်မှုဖြင့်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း အာဖဂန်အများစုမှာ တာလီဘန်တို့၏တင်းကျပ်သည့် ရှရီယာဥပဒေဖြင့် ပြန်လည်အုပ်ချုပ်မည်ကို ကြောက်ရွံ့ကြသည်။



အမေရိကန် စစ်ဘက်သုံးလေယာဉ်ပေါ်သို့ တက်လာသည့် အာဖဂန်မိသားစုတစ်စုကို တွေ့ရစဉ်။

### အမျိုးသားအဖော်ပါမှသာ ထွက်ခွာခွင့်ရ

ထို့ပြင် နိုင်ငံခြားအုပ်စုများအတွက် အလုပ်လုပ်ကိုင်ပေးခဲ့သည့်အတွက် လက်စားချေခံရမည်ကိုလည်း စိုးရိမ်နေကြရသည်။ ထို့ပြင် အမေရိကန် ထောက်ခံပေးထားသည့် အစိုးရအတွက် အလုပ်လုပ်ကိုင်ပေးခဲ့ခြင်းကြောင့် ပြန်လည်လက်စားချေခံရမည်ကိုလည်း စိုးရိမ်ကြသည်။ အထူးသဖြင့် အမျိုးသမီးများသည် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့တွင် ပိတ်ပင်ခံရပြီး ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ တာလီဘန်တို့ အုပ်ချုပ်စဉ်ကာလက အမျိုးသမီးများမှာ နေအိမ်မှ ထွက်လိုလျှင် အမျိုးသားအဖော်ပါမှသာ ထွက်ခွာခွင့်ရရှိသည်။

### အခက်အခဲများနှင့်ရင်ဆိုင်ရမည်

အာဖဂန်နစ္စတန်မှထွက်ခွာလာပြီး မက္ကဆီကိုစီးတီးမြို့သို့ ရောက်ရှိနေသည့် အမျိုးသမီးတစ်ဦးကမူ ၎င်းတို့၏ အသက်ကို ကယ်တင်ရုံမျှမက အိပ်မက်ကိုပါ ကယ်တင်ခဲ့ခြင်းဖြစ်သည်ဟု မက္ကဆီကိုအစိုးရကို ပြောကြားခဲ့သည်။ တာလီဘန်များ၏ အုပ်ချုပ်မှုအောက်တွင် အမျိုးသမီးများမှာ အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး မက္ကဆီကိုစီးတီးသို့ လာရောက်ခွင့်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း အဆိုပါအမျိုးသမီးက သတင်းထောက်များကို ပြောသည်။

### ဖရိုဖရဲအခြေအနေသို့ဦးတည်

အာဖဂန်နစ္စတန်တွင် လေယာဉ်များဖြင့် ကယ်ထုတ်မှုပြုလုပ်နေသည့် လုပ်ငန်းစဉ်တစ်လျှောက် လေဆိပ်ရှိလူစုလူဝေးကြီးမှာ ဖရိုဖရဲအခြေအနေများသို့ဦးတည်နေသည်။ ကယ်ဆယ်ရေးလေယာဉ်များ လုံခြုံစိတ်ချရစေရေးအတွက် ထောင်ပေါင်းများစွာသော အမေရိကန်တပ်ဖွဲ့ဝင်များသည် အခြေအနေကိုထိန်းသိမ်းရန် ကြိုးပမ်းနေကြသည်။ လေဆိပ်အပြင်ဘက်တွင် စောင့်ဆိုင်းနေကြသည့် အချို့သော အာဖဂန်များမှာ နိုင်ငံခြားပတ်စပို့၊ ဗီဇာနှင့် အခြားသောခရီးသွားလာခွင့်အတွက် ခွင့်ပြုချက်များရရှိထားသော်လည်း နိုင်ငံအတွင်းမှထွက်ခွာနိုင်ခြင်းတော့မရှိသေးပေ။

### ရက်နောက်ဆုတ်ပေးမည်မဟုတ်

ဖရိုဖရဲအခြေအနေများကြားတွင် လူ ရှစ်ဦးထက်မနည်း သေဆုံးခဲ့ရပြီးဖြစ်သည်။ လေဆိပ်တွင် အခြေအနေများမှာ ဆိုးရွားနေသော်လည်း တာလီဘန်များကမူ နိုင်ငံခြားတပ်များ နောက်ဆုံးထားထွက်ခွာရမည့်အချိန်ကို ဩဂုတ် ၃၁ ရက်နောက်ပိုင်းသို့ ရက်နောက်ဆုတ်ပေးမည်မဟုတ်ဟု ပြောသည်။ တိုက်ခိုက်ရေးအတွက် တာဝန်ချထားခြင်းမဟုတ်သည့် တူရကီတပ်ဖွဲ့ဝင် ၅၀၀ ကျော်မှာ အာဖဂန်နစ္စတန်တွင် ရောက်ရှိနေသည်။ ယခုအခါ အဆိုပါတပ်ဖွဲ့ဝင်များကို အာဖဂန်နိုင်ငံအတွင်းမှထွက်ခွာနိုင်ရေးလုပ်ဆောင်ပေးနေပြီဟု တူရကီက ပြောသည်။

### လေယာဉ်ပြေးဆွဲမှုများ တဖြည်းဖြည်းရပ်ဆိုင်းလာ

ဘယ်လ်ဂျီယံနိုင်ငံသည်လည်း မကြာသေးမီရက်ပိုင်းအတွင်း ဥရောပနှင့် အာဖဂန်များအပါအဝင် လူပေါင်း ၁၁၀၀ ကို စစ်ဘက်လေယာဉ်များဖြင့် ခေါ်ဆောင်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်သွားပြီဟု ဩဂုတ် ၂၅ ရက်တွင် ကြေညာခဲ့သည်။ ပြင်သစ်နိုင်ငံသည်လည်း ၎င်းတို့၏ လေယာဉ်များပြေးဆွဲမှုကို ဩဂုတ် ၂၆ ရက်တွင် အဆုံးသတ်ပြီဟု ကြေညာခဲ့သည်။

ကဘူးလ်မြို့လေဆိပ် အခြေအနေများကို ထိန်းချုပ်လျက်ရှိသည့် ပင်တဂွန်စစ်ဌာနချုပ်သည်လည်း ဩဂုတ် ၃၁ ရက်မတိုင်မီ ကယ်ဆယ်ရေးလုပ်ငန်းများကို တဖြည်းဖြည်းချင်းရပ်နားသွားမည်ဟု ပြောသည်။

**ကိုးကား – အေအက်ဖ်ပီ**

**❒ အာဖဂန်နစ္စတန်တွင် လေယာဉ်များဖြင့် ကယ်ထုတ်မှုပြုလုပ်နေသည့် လုပ်ငန်းစဉ်တစ်လျှောက် လေဆိပ်ရှိ လူစုလူဝေးကြီးမှာ ဖရိုဖရဲအခြေအနေများသို့ ဦးတည်နေ**

**❒ ဖရိုဖရဲအခြေအနေများကြားတွင် လူ ရှစ်ဦးထက်မနည်း သေဆုံးခဲ့ရပြီးဖြစ်သည်။ လေဆိပ်တွင် အခြေအနေများမှာ ဆိုးရွားနေသော်လည်း တာလီဘန်များကမူ နိုင်ငံခြားတပ်များ နောက်ဆုံးထားထွက်ခွာရမည့်အချိန်ကို ဩဂုတ် ၃၁ ရက်နောက်ပိုင်းသို့ ရက်နောက်ဆုတ်ပေးမည်မဟုတ်ဟု ပြောသည်**

❄ *ကျောဖုံးမှ*

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိရာ (၂၅–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၂,၂၄၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၆၃၅)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၇၁,၃၉၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၃၈၃,၅၁၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၉၂၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၁၁,၉၅၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၁၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၈၅၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၁၀၆)ခု | (၄၂၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆)ခု | (၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၆)ခု | (၁၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၄)ခု | (၅၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၈၂)ခု | (၃၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၇၀)ခု | (၄၄၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၅၁၅)ခု | (၁,၆၄၅)ဦး |
| **စုစုပေါင်း** | (၁၂,၂၄၉)ခု | (၂,၆၃၅)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၆- ၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၁၅၇၆၃၉ | ၃၀၆၇၈၂၈၃ | ၆၄၉၆၈၀ |
| ၂။ | အိန္ဒိယ | ၃၂၅၅၈၅၃၀ | ၃၁၇၈၈၄၄၀ | ၄၃၆၃၉၆ |
| ၃။ | ဘရာဇီး | ၂၀၆၄၅၅၃၇ | ၁၉၅၇၇၁၃၅ | ၅၇၆၇၃၀ |
| ၄။ | ရုရှား | ၆၈၂၄၅၄၀ | ၆၀၉၂၈၁၈ | ၁၇၉၂၄၃ |
| ၅။ | ပြင်သစ် | ၆၆၇၃၃၃၆ | ၆၁၂၀၂၁၁ | ၁၁၃၆၆၅ |
| ၆။ | ဗြိတိန် | ၆၅၉၀၇၄၇ | ၅၁၉၇၁၄၀ | ၁၃၂၀၀၃ |
| ၇။ | တူရကီ | ၆၂၇၃၆၈၁ | ၅၇၅၆၄၀၆ | ၅၅၂၁၂ |
| ၈။ | အာဂျင်တီးနား | ၅၁၅၅၀၇၉ | ၄၈၃၃၂၆၀ | ၁၁၀၉၆၆ |
| ၉။ | ကိုလံဘီယာ | ၄၈၉၇၁၅၀ | ၄၇၂၇၃၀၇ | ၁၂၄၄၇၄ |
| ၁၀။ | အီရန် | ၄၈၃၃၁၃၅ | ၄၀၅၃၀၂၂ | ၁၀၄၇၁၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၆– ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၄၃၇၃၆ | ၃၆၆၉၉၆၆ | ၁၃၀၁၈၂ |
| ဖိလစ်ပိုင် | ၁၈၉၉၂၀၀ | ၁၇၃၄၅၅၁ | ၃၂၇၂၈ |
| မလေးရှား | ၁၆၄၀၈၄၃ | ၁၃၅၉၇၉၁ | ၁၅၂၁၁ |
| ထိုင်း | ၁၁၂၀၈၆၉ | ၉၂၃၆၂၁ | ၁၀၃၁၄ |
| ဗီယက်နမ် | ၃၉၂၉၃၈ | ၁၈၈၄၈၈ | ၉၆၆၇ |
| မြန်မာ | ၃၈၃၅၁၄ | ၃၁၁၉၅၂ | ၁၄၈၅၀ |
| ကမ္ဘောဒီးယား | ၉၀၉၅၈ | ၈၆၉၉၃ | ၁၈၄၁ |
| စင်ကာပူ | ၆၆၉၂၈ | ၆၅၈၂၅ | ၅၂ |
| လာအို | ၁၄၁၀၄ | ၄၆၀၄ | ၁၂ |
| ဘရူနိုင်း | ၂၂၆၅ | ၅၇၈ | ၇ |

## ကျိုက်လတ်မြို့၌ တရုတ်နိုင်ငံမှ မှာယူထားသော အောက်ဆီဂျင်စက်ရောက်ရှိ တပ်ဆင်ထုတ်လုပ်နိုင်မှုကြည့်ရှု

နေပြည်တော် ဩဂုတ် ၂၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်နှင့် စေတနာရှင် အလှူရှင်များအနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်လုပ်ပေးလျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့၌ တရုတ်နိုင်ငံမှ မှာယူထားသော အောက်ဆီဂျင် စက်ရောက်ရှိ တပ်ဆင်ထုတ်လုပ်နိုင်မှုများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မတ္တရာမြို့နယ်၌ အောက်ဆီဂျင်လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်တော့မည်

မတ္တရာ ဩဂုတ် ၂၆

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် အောက်ဆီဂျင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် အများပြည်သူ လှူဒါန်းမှုဖြင့် မှာယူထားသော အောက်ဆီဂျင်စက်သည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မတ္တရာမြို့ အောက်ဆီဂျင်စက်ရုံ တည်ဆောက်သည့်နေရာသို့ ရောက်ရှိလာပြီ ဖြစ်သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို အမှတ် (၅) ရပ်ကွက် မန္တလေး–မိုးကုတ်ကားလမ်းဘေးတွင်တည်ဆောက်ထားပြီး တစ်နာရီလျှင် လီတာ ၄၀ ငါးအိုး ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ မကြာမီရက်ပိုင်းအတွင်း စမ်းသပ်လည်ပတ်၍ အောက်ဆီဂျင်လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေး အတွက် မတ္တရာမြို့ အောင်မြေသုခကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တခေမိသရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စက်ရုံဆောက်လုပ်ရေးကော်မတီ တာဝန်ရှိသူများ၏ ဦးစီးဆောင်ရွက်မှု၊ မြို့သူမြို့သားများနှင့် အများပြည်သူ စုပေါင်းလှူဒါန်းငွေများဖြင့် ဇူလိုင် ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မှာယူထားသော လီတာ ၄၀ ဆလင်ဒါ အိုး ၁၀၀၊ နှာခေါင်းပိုက် ၅၀၀ နှင့် Flow Meter ၁၀၀ တို့လည်း ထပ်မံရောက်ရှိလာမည်ဖြစ် ကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**

**အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# မည်သူမဆိုအထူးသဖြင့် အသက်အရွယ်ကြီးတဲ့သူတွေအနေနဲ့ သိပ်လည်း နေပြန်မကောင်းသေးဘူးဆိုရင် တစ်ယောက်တည်းမနေသင့်ဘဲ မိသားစုရှိတဲ့နေရာ၊ အရေးပေါ်ပြုစုစောင့်ရှောက်ပေးနိုင်မယ့် လူတွေအနားမှာ အနီးကပ်နေတာကောင်းပါတယ် ဒေါက်တာ သန်းနိုင်စိုး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၅ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားပြီးသူတွေအနေနဲ့ ပြန်လည်ကျန်းမာအောင် ဘယ်လိုနေထိုင်စားသောက်ရမယ်ဆိုတာကို အကြံပြုပြောကြားပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားတဲ့ သူတွေအနေနဲ့ ပြန်ပြီးနေကောင်းတာတောင် တချို့ရောဂါလက္ခဏာတွေ ဆက်လက်ခံစားရတာ၊ တချို့က ပြန်နေကောင်းပြီး နာလန်ထတဲ့အချိန်ကျမှ ရုတ်တရက် သေဆုံးသွားတာမျိုးတွေကို တွေ့မြင်ကြားသိနေရပါတယ်။ ဒါက မြန်မာနိုင်ငံတစ်ခုတည်းသာမက ကမ္ဘာပေါ်မှာလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ပညာရှင်တွေအကြားမှာ ဆွေးနွေးနေတဲ့ကိစ္စတွေ၊ လေ့လာနေတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ဒီနေ့အထိ ကိုဗစ် – ၁၉ ရောဂါကနေ ပြန်လည်ပြီးကောင်းမွန်လာတဲ့ လူဦးရေ ၁၈၉ သန်းကျော်ရှိတဲ့အတွက် ပြန်လည်နေကောင်းတာကလည်း အတော်များနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆေးရုံဆင်းခွင့်ရတဲ့ လူဦးရေ နှစ်သိန်းကိုးသောင်းကျော်ရှိနေပြီ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါရဲ့ နောက်ဆက်တွဲ ခံစားရတာတွေနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကမ္ဘာပေါ်မှာ လေ့လာထားတဲ့ သုတေသနတွေ့ရှိချက်တွေနဲ့ ဆက်စပ်ပြီး ဆွေးနွေးတင်ပြလိုပါတယ်။

ပထမဦးဆုံးအနေနဲ့ ဆေးပညာဂျာနယ်ဖြစ်တဲ့ JAMA Network Open မှာ ဖေဖော်ဝါရီလ ၂၀၂၁ မှာ တင်ပြလာတဲ့ အချက်အလက်တွေအရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားတဲ့လူတွေရဲ့ ၃၀ ရာခိုင်နှုန်းခန့်က ဆက်လက်ပြီး ညောင်းညာတာ၊ ဘာပဲလုပ်လုပ် အားမရှိဘဲ နုံးချည့်နေတာ၊ အနံ့ဆက်ပျောက်နေတာ၊ အရသာဆက်ပျောက်တာ၊ တချို့ဆို အသက်ရှူရခက်ခဲတာကို ဆက်ပြီးတွေ့ရှိနေရတဲ့အကြောင်းနဲ့ ဒီလက္ခဏာတွေက ဘယ်လောက်အထိ ဆက်ရှိနိုင်သလဲဆိုရင် ပိုးပြန်စစ်ကြည့်လို့ ပိုးမတွေ့တာတောင် နောက်ထပ် အနည်းဆုံးလေးပတ်အထိ ဆက်ပြီးရှိနေတယ်ဆိုတာမျိုး တွေ့ရပါတယ်။

နောက်တစ်ခု အမေရိကန်ပြည်ထောင်စုမှာ FAIR Health အန်ဂျီအိုကနေ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားသူ လူဦးရေ ၁ ဒသမ ၉ သန်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကနေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ်ကြာ စောင့်ကြည့်တဲ့အခါ လူဦးရေလေးသိန်းခွဲကျော်ကျော်က နေကောင်းပြီးတာတောင် ဆေးခန်းပြန်သွားနေရတာမျိုး တွေ့ရှိရပါတယ်။

ယူကေနိုင်ငံမှာလုပ်ထားတဲ့ သုတေသနတွေ့ရှိချက်အရ လူ ၁၀ ဦးမှာ တစ်ဦးအထက်က ကိုဗစ်–၁၉ ရောဂါ နောက်ဆက်တွဲလက္ခဏာတွေကို ခံစားရ

❖ နောက်ဆက်တွဲလက္ခဏာတွေပေါ်လာတာ၊ အိပ်မပျော်တာ၊ စားမဝင်တာ၊ စိုးရိမ်ထိတ်လန့်တာ စသဖြင့် တစ်ခုခုဆိုရင် တိုင်ပင်ဖော်၊ တိုင်ပင်ဖက် အဖော် လိုပါတယ်။ လုံးဝအရှင်း ပြန်မကောင်းသေးတဲ့ကာလမှာ တစ်ယောက်တည်းနေတာကို ရှောင်ကြဉ်သင့်ပြီး မိမိကို အနီးကပ်စောင့်ရှောက်နေနိုင်မယ့်သူ မိသားစုနဲ့အတူ နေထိုင်သင့်ပါတယ်။ ဆေးရုံ ဆေးခန်းသွားရမယ်ဆိုရင် သူတို့က ပို့ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီအချက်က အရေးကြီးပါတယ်

တယ်ဆိုတာမျိုး တွေ့ရပါတယ်။ လူ ၁၀ ဦးမှာ တစ်ဦးနှုန်းနဲ့ တွေ့တယ်ဆိုရင် ပြန်ကောင်းလာတဲ့လူက ကမ္ဘာတစ်ဝန်းလုံးမှာ ၁၈၉ သန်းအထက်ရှိတဲ့အတွက် ပြန်ကောင်းလာတဲ့ လူဦးရေ ၁၉ သန်းနီးပါးက ကိုဗစ်–၁၉ ရောဂါ နောက်ဆက်တွဲ လက္ခဏာတွေ ဆက်လက်ခံစားနေရတယ် ဆိုတာက ကမ္ဘာတစ်ဝန်းလုံးအနေနဲ့၊ မြန်မာနိုင်ငံအနေနဲ့ လျှော့တွက်လို့ မရတဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအသွင် စတင်ပြီးဆောင်လာတဲ့ သဘောရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လူသိများတဲ့ သုတေသနအဖွဲ့အစည်းအနေနဲ့ အမေရိကန်နိုင်ငံမှာရှိတဲ့ The National Institutes of Health (NIH) ဖြစ်ပါတယ်။ သူက ကိုဗစ် – ၁၉ နောက်ဆက်တွဲရောဂါတွေကို ဆက်ပြီးလေ့လာတဲ့အခါ Post–Acute Sequelae of SARS–CoV–2 infection (PASC) ဆိုပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံ ထောက်ပံ့ပေးကာ လေ့လာမှုတွေ လုပ်စေပါတယ်။ ဒီလို ထောက်ပံ့ပေးတာက နောက်ထပ်လေးနှစ်အထိ ကိုဗစ်–၁၉ ရောဂါကနေ ပြန်ကောင်းလာတဲ့သူတွေမှာ ဘာတွေဖြစ်လဲဆိုတာမျိုး ဆက်လက် လေ့လာနေတယ်လို့ သိရပါတယ်။ အခုတင်ပြခဲ့တာတွေက ကိုဗစ် – ၁၉ ရောဂါရဲ့ နောက်ဆက်တွဲရောဂါတွေနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးက တွေ့ရှိချက်တွေနဲ့ သုတေသနဆောင်ရွက်ချက်တွေကို ရှေးဦးစွာတင်ပြခြင်းဖြစ်ပါတယ်။

ဒီလို နောက်ဆက်တွဲရောဂါတွေ ဘာကြောင့်ဖြစ်တာလဲ၊ နေကောင်းပြီး ရောဂါပိုးမတွေ့တာတောင်မှ ဘာဖြစ်လို့ ဒီလိုလက္ခဏာတွေ ခံစားနေရသလဲဆိုတာကလည်း ဆေးပညာရှင်တွေနဲ့ သိပ္ပံပညာရှင်တွေ အလွန်စိတ်ဝင်စားတဲ့ကိစ္စပါ။ ပညာရှင်တွေ ယူဆတာက ကိုဗစ် – ၁၉ ရောဂါအနေနဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို အဓိက ကစဉ့်ကလျားဖြစ်စေပြီး ခန္ဓာကိုယ်အနှံ့ ရောင်ရမ်းမှုတွေ ဖြစ်စေပြီး ဦးနှောက်နှင့် အာရုံကြောစနစ်ကို ထိခိုက်စေပါတယ်။ ဦးနှောက်နဲ့ အာရုံကြောစနစ်အပြင် ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ ကိုဗစ် – ၁၉ ရောဂါပိုးဝင်လို့ရတဲ့ ACE2 Receptor ရှိတဲ့ ဆဲလ်တွေက ခန္ဓာကိုယ်ရဲ့ နေရာအနှံ့မှာ ရှိနေပါတယ်။ ဒီဆဲလ်တွေကို ဝင်ရောက်ပြီး ရောင်ရမ်းမှုတွေ ဆက်လက်ဖြစ်စေတဲ့အခါ နှလုံးနဲ့သွေးကြောစနစ်၊ အသက်ရှူလမ်းကြောင်းစနစ်၊ အစာအိမ်နဲ့ အူလမ်းကြောင်းစနစ် စသဖြင့်အများကြီးပါပဲ၊ ဒါတွေအကုန်လုံးကို ထိခိုက်စေပါတယ်။ ဒီလိုရောင်ရမ်းမှုတွေ ခန္ဓာကိုယ်အနှံ့မှာ ဆက်ပြီးကျန်နေတာက နောက်ဆက်တွဲ ခံစားရတဲ့ ရောဂါဝေဒနာတွေဖြစ်စေတဲ့ အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။

နောက်ထပ်အကြောင်းရင်းတစ်ခုက ကိုဗစ်–၁၉ ရောဂါ ကုသပေးတဲ့ ဆေးတွေပါ။ ဥပမာ – Dexamethasone လို ဆေးတွေပေးရင် သွေးချိုပိုတက်စေတာမျိုး၊ သွေးပေါင်တက်စေတာမျိုး စသဖြင့်တွေ့ရပါတယ်။ ရောဂါကုသတဲ့ ဆေးဝါးတွေရဲ့ သဘောက တစ်ဖက်မှာ ကောင်းကျိုးဖြစ်စေသလို တစ်ဖက်မှာ သူ့ရဲ့ ဘေးထွက်ဆိုးကျိုးတွေ ရှိပါတယ်။ ဒီလိုမျိုး အကြောင်းရင်းတွေနဲ့ လူနာရဲ့ ရောဂါအခံရှိမှု၊ အသက်အရွယ် စသဖြင့် စုပေါင်းပြီး နောက်ဆက်တွဲ ရောဂါဝေဒနာတွေ အမျိုးမျိုး ဖြစ်ပွားတယ်လို့ ကောက်ချက်ချယူဆထားကြပါတယ်။ နောက်ပိုင်း သုတေသနတွေ့ရှိချက်တွေကို ဒီထက်ပိုပြီး စုံစုံလင်လင်တွေ့လာရင် ဒီဖြစ်ပွားရတဲ့အကြောင်းရင်းတွေ ပိုပြီးသိရှိလာမှာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါက တော်တော် ဆိုးရွားတဲ့ ရောဂါလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖြစ်ပွားတဲ့အခါမှာ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေအနေနဲ့ အသက်ရှူမဝ အောက်ဆီဂျင် ကျတာက နေပြီး အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။ တစ်ဖက်က စိတ်ပိုင်းဆိုင်ရာအနေနဲ့ ပြန်ကောင်းလာခဲ့ရင်တောင် စိတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုတွေ ဖြစ်စေ ပါတယ်။ နောက်တစ်ခု လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှု တွေဖြစ်စေပါတယ်။

လူတစ်ယောက်သည် ကျန်းမာရေးနဲ့ ပြည့်စုံတယ်လို့ သတ်မှတ်ဖို့အတွက် ကျန်းမာခြင်းရဲ့ အနက် အဓိပ္ပာယ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖွင့်ဆိုထား တာရှိပါတယ်။ ဒါက **“လူတစ်ယောက်သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ ဒီသုံးခုလုံးမှာ ပြည့်စုံပြီး ကောင်းမွန်တဲ့အခါကျမှ ကျန်းမာခြင်းနဲ့ပြည့်စုံတယ်”** ဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျန်းမာခြင်းရဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။

ကိုဗစ် – ၁၉ ရောဂါက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာတွေကို ထိခိုက်ပါတယ်။ ကျန်းမာခြင်းရဲ့ အင်္ဂါရပ် သုံးခုစလုံးကို ထိခိုက်စေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီရောဂါ မဖြစ်တာ အကောင်းဆုံးပါ။

ဒါကြောင့် မဖြစ်အောင် ကာကွယ်ကြပါ။ မက်စ်တပ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ လေဝင်လေထွက်ကောင်းတဲ့နေရာတွေမှာ နေထိုင်ခြင်း ဒါတွေကို မဖြစ်မနေ ဆောင်ရွက်ပြီး ရောဂါမဖြစ်အောင် ကာကွယ်တာက အကောင်းဆုံးပါ။ ရောဂါဖြစ်ပြီးတဲ့နောက်မှာ နောက်ဆက်တွဲရောဂါတွေ ရှိလာနိုင်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားပြီးနောက် မိမိခန္ဓာကိုယ်မှာ ရောဂါအသစ် ထပ်ပေါ်လာတာ ရှိနိုင်ပါတယ်။ ကမ္ဘာပေါ်မှာ ဒီရောဂါကို စတွေ့ချိန်ကစလို့ တစ်နှစ် ကျော်/ နှစ်နှစ်ကာလထဲကို ရောက်လာတဲ့ကာလဖြစ်တာတောင် သူ့နောက်ဆက်တွဲက ဘာတွေဖြစ်နိုင်လဲဆိုတာ အကုန်မသိနိုင်သေးပါဘူး။ ရှေ့မှာ တင်ပြခဲ့သလို သုတေသနတွေ အများကြီး ဆက်လုပ်နေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ရောဂါမဖြစ်တာ အကောင်းဆုံးဖြစ်ပါတယ်။ ကာကွယ်ခြင်းသာ အကောင်းဆုံးဆိုတာ ဒီနေရာကနေ ဦးစွာပထမ အသိပေးတင်ပြလိုပါတယ်။

ဒါဆိုရောဂါကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာတွေကို ထိခိုက်စေပါတယ်။ ၁၀ ဦးမှာ တစ်ဦးအထက်က ဒီလိုမျိုး နောက်ဆက်တွဲရောဂါလက္ခဏာတွေခံစားရတတ်တယ်ဆိုတော့ ပထမဦးဆုံးတင်ပြလိုတာက ရုပ်ပိုင်းဆိုင်ရာမှာ တွေ့ရတဲ့ လက္ခဏာတွေအနေနဲ့ အသက်ရှူလို့ သိပ်မကောင်းတာ ဖြစ်ပါတယ်။ နည်းနည်း နေကောင်းလာတာတောင် အသက်ရှူရတာ သိပ်မကောင်းဘူး၊ ရင်ခေါင်းမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေတယ်။

နောက်ထပ်လက္ခဏာတစ်ခုက ဘာပဲလုပ်လုပ် အားမရှိဘူး၊ နွမ်းနေတယ်၊ နုံးချည့်နေတယ်၊ အားကုန်နေတယ်ဆိုပြီး ဖြစ်ပါတယ်။ ဒီနှစ်ခုက အများဆုံးတွေ့ရတာပါ။ နောက်ထပ်တွေ့ရတာက ချောင်းဆိုး မပျောက်ဘူး၊ လည်ချောင်းက ယားလာတယ်၊ ချောင်းက ဆက်တိုက်ဆက်တိုက် ဆိုးချင်နေတာ ဖြစ်ပါတယ်။ နောက်ထပ် လက္ခဏာတွေက ခေါင်းကိုက်တယ်၊ ရင်တုန်တယ်၊ ရင်ထဲကနေ တလှပ်လှပ်နဲ့ တုန်လာတယ်၊ ရုတ်တရက်ထိုင်နေရတာကနေ ထလိုက်တဲ့အခါကျရင် မူးသွားတယ်၊ အနံ့ပျောက်တာကလည်း မကောင်းဘဲ အနံ့ကဆက်ပြီး ပျောက်နေတယ်၊ တစ်ခါတလေကျရင် အရသာပါ ဆက်ပြီးပျောက်နေတယ်။ မျက်စိကြည့်လို့ မကောင်းတာ၊ ဝါးတားတားဖြစ်နေတာ နှစ်ထပ်မြင်တာတွေရှိတယ်။ သွေးပေါင်တွေ တက်လာတာ တွေ့ရတယ်။ တချို့လူနာတွေမှာ ဆေးရုံမတက်ခင်က သွေးတိုးရောဂါမရှိဘူး၊ ဆေးရုံဆင်းတော့မှ သွေးတိုးရောဂါရှိလာတာ တွေ့ရတယ်။ အရေပြားပေါ်မှာ အကွက်တွေ ထွက်လာတာ၊ နောက်တစ်ခုက အမျိုးသမီးတွေမှာ ဓမ္မတာတွေ မမှန်တော့တာ စသဖြင့် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာတွေ တွေ့ရတတ်ပါတယ်။ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်ပြီး လက္ခဏာတွေ ဖြစ်ပွားတာလည်း အများကြီးတွေ့ရပါတယ်။ အဖြစ်အများဆုံးက စဉ်းစားလို့ဘာမှမရဘူး။ ခေါင်းထဲမှာ ဘာမှမရှိဘူး။ Brain Fog လို့ ခေါ်ကြပါတယ်။ ဦးနှောက်ထဲမှာ အခိုးအငွေ့တွေနဲ့ မှိုင်းနေသလို ဘာမှစဉ်းစားလို့ မထွက်တာမျိုး ဖြစ်နေတယ်။ လေးလေးနက်နက် စဉ်းစားလေ ပိုပြီးမထွက်လေ၊ စိတ်ရှုပ်လေဖြစ်တာမျိုးတွေ ရှိပါတယ်။ စိတ်က ဘာမှ စဉ်းစားလို့မရဘူး၊ စိတ်အားကုန်သွားတယ်။ ဦးနှောက်ထဲမှာ Block ဖြစ်သွားတယ်ဆိုတာကို တွေ့ရပါတယ်။

နောက်တစ်ခုက စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှု (Mood changes) ပါ။ အရင်က စိုးရိမ်စိတ်တွေ မရှိဘူး၊ အခု တစ်ခုခု ကြားလိုက်တယ်ဆိုရင် ထိတ်ခနဲ စိုးရိမ်စိတ်နဲ့ လန့်သွားတာမျိုး (Anxiety)တွေ၊ စိတ်ဓာတ်တွေကျပြီး ဘာမှမလုပ်ချင်၊ မကိုင်ချင်ဖြစ်တာမျိုး (Depression) တွေ တွေ့လာရပါတယ်။ အရင်က ဒါမျိုးတွေမရှိပေမယ့် ပြန်ကောင်းလာတဲ့ အချိန်မှာ ဖြစ်လာတာမျိုးတွေ တွေ့ရပါတယ်။

နောက်တစ်ခု ဆေးရုံတက်ပြီး ဆေးရုံအထူးကြပ်မတ်ကုသဆောင်(ICU)မှာ ကြာကြာနေရပါတယ်။ မိမိခန္ဓာကိုယ်မှာလည်း ပိုက်တွေပေါင်းစုံ တပ်ထားရတယ်။ တစ်ဖက်မှာ ကိုယ့်ခုတင်နားက လူနာတွေ ဆုံးသွားတာတွေကို မြင်ခဲ့ရတယ်။ ဒီလိုမြင်ကွင်းတွေ၊ စိတ်ထဲမှာ ခံစားရတာတွေက မပျောက်တော့ဘူး။ မျက်စိမှိတ်လိုက်တာနဲ့ ဒီမြင်ကွင်းတွေ မြင်နေတယ်။ နောက်ပိုင်းမှာ အိပ်မက်ဆိုးတွေ မက်တာတွေရှိလာပါတယ်။

ဒါတွေက Post–Intensive Care Syndrome (PICS) လို့ခေါ်တဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်တတ်ပါတယ်။ ဒါတွေသိပ်ပြီး ပြင်းထန်လာရင် တွေးခေါ်ဆုံးဖြတ်တဲ့အပိုင်းတွေမှာ လွဲမှားလာတာ၊ ထစ်ခနဲဆို စိတ်တိုပြီး တစ်ခုခုလုပ်မိတာတွေရှိလာတယ်။ ဒါကို Post–Traumatic Stress Disorder (PTSD)လို့ခေါ်ပါတယ်။ ဒီလိုစိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ တော်တော်များများ ဖြစ်တတ်ပါတယ်။ ဒါကနဦးအနေနဲ့ တွေ့ရှိချက်တွေ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒီထက်များလာစရာ ရှိပါတယ်။ ဘာတွေဆက်ပြီး ဖြစ်နိုင်တယ်ဆိုတာ သုတေသနပြုလေ့လာရဦးမှာဖြစ်ပါတယ်။

နောက်ပြီး လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်တယ်။ အလုပ်နဲ့ပတ်သက်ပြီး ထိခိုက်မှုတွေ၊ ဝင်ငွေနဲ့ပတ်သက်ပြီး ထိခိုက်မှုတွေ ဒါတွေရှိနိုင်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းတွေ ဆုံးရှုံးတာ ရှိနိုင်တယ်။ မိသားစုဝင်တစ်ယောက်ယောက် ဆုံးရှုံးတာ၊ အိမ်မှာအဓိကဝင်ငွေရှာပေးနေတဲ့ အိမ်ထောင်ဦးစီးလိုမျိုး ဆုံးရှုံးတာမျိုးဆိုရင်လည်း မိသားစုစီးပွားရေး၊ ဝင်ငွေရလမ်းနဲ့ ဘဝရပ်တည်မှုအပေါ် ထိခိုက်နိုင်တာတွေ ရှိပါတယ်။

ပြန်ပြီးခြုံငုံပြောရရင် ကိုဗစ် – ၁၉ ရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ ရှိပါတယ်။ အနည်းနဲ့ အများသာ ကွာခြားပါတယ်။ ပြန်ကောင်းလာသူ ၁၀ ဦးမှာ တစ်ဦးနှုန်းထက် ပိုပြီးခံစားနိုင်ရပါတယ်။ အချို့က သက်သက်သာသာနဲ့ ပြန်ကောင်းသွားတယ်။ အချို့က ဆက်ပြီးခံစားနေရတယ်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေက ပုံမှန်အားဖြင့် ရက်သတ္တပတ် သုံးပတ်၊ လေးပတ်ဆိုရင် ပြန်ကောင်းရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အချို့မှာ ခြောက်လလောက်အထိကို ပြန်မကောင်းဘူး။ အချို့ဆို တစ်နှစ်လောက်အထိ မကောင်းဘူးဆိုတဲ့ လူတွေလည်းရှိပါတယ်။ များသောအားဖြင့် သုံးလလောက်နေရင် ပြန်ကောင်းသင့်ပါတယ်။ ဒီထက်ကြာရှည်နေရင် ဂရုစိုက်ရမယ်။ ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ ပြသပြီး ဆေးကုသမှုခံယူရပါမယ်။

ကိုဗစ်–၁၉ရောဂါရဲ့နောက်ဆက်တွဲဆိုးကျိုးတွေ လျော့ပါးသက်သာစေရေး ကိုဗစ် – ၁၉ ရောဂါ ပြန်ကောင်းလာသူတွေအနေနဲ့ လိုက်နာရမယ့် အချက် (၈)ချက်ကို တင်ပြလိုပါတယ်။ နံပါတ် (၁) အချက်က စိတ်ဓာတ်ကျတာ၊ စိုးရိမ်ထိတ်လန့်တာတွေက အိပ်ရာထဲမှာ လှဲနေရင် ပိုဆိုးပါတယ်။ လူက မလှုပ်လေလေ ခန္ဓာကိုယ်က သန်စွမ်းမှုအင်အားကို ပြန်လည်တည်ဆောက်ရ ခက်လေလေ ဖြစ်ပါတယ်။ အိပ်ရာထဲလှဲမနေဘဲ ကိုယ်လက်လှုပ်ရှားမှုလုပ်တာ၊ လမ်းလျှောက်တာ၊ အိမ်မှုကိစ္စလုပ်တာတွေကို တတ်နိုင်သမျှ စတင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး တစ်နေ့တာအတွင်း လှုပ်ရှားမှုအကြိမ်ရေ၊ တစ်ခါလှုပ်ရှားရင်ကြာမြင့်ချိန်၊ ပြင်းထန်မှု စသဖြင့် တတ်နိုင်သလောက် မိမိဘာသာသတိပြုပြီး တဖြည်းဖြည်းချင်းတိုးပြီး လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

နာလန်ထ လူမမာအတွက် အရေးကြီးတာက အသက်ရှူလေ့ကျင့်ခန်းဖြစ်ပါတယ်။ အလွယ်ဆုံးလည်းဖြစ်၊ အရင်ဆုံးစပြီးလုပ်သင့်တာလည်း ဖြစ်ပါတယ်။ အဆုတ်က လေပူဖောင်းလိုဖြစ်လို့ ကြွက်သားတွေ မရှိပါဘူး၊ အဆုတ်ကို ကြွက်သားတွေလို သန်မာအောင်လုပ်လို့ မရပါဘူး။ ဒါပေမယ့် လူ အသက်ရှူတဲ့အခါမှာတော့ ကြွက်သားတွေက မဖြစ်မနေ ပါဝင်ပြီးလှုပ်ရှားရပါတယ်။ အဓိက လှုပ်ရှားရတာ ဝမ်းဗိုက်ကန့်လန့်ကာ ကြွက်သား (Diaphr–agm)၊ ပြီးတော့ နံရိုးကြားမှာရှိတဲ့ ကြွက်သားတွေ၊ လည်ပင်းမှာရှိတဲ့ ကြွက်သားတွေက ဝိုင်းပြီး အလုပ်လုပ်ပေးရတာဖြစ်ပါတယ်။

လေ့ကျင့်ပေးတာနဲ့အမျှ အသက်ရှူတဲ့ ကြွက်သားတွေက သန်မာလာတယ်။ အလွယ်ကူဆုံးနည်းက အသက်ကို ဖြည်းဖြည်းချင်း ရှူသွင်းလိုက်တယ်။ ဖြည်းဖြည်းချင်း ပြန်ရှူထုတ်ဖို့ပါ။ ငါးစက္ကန့်၊ ခြောက်စက္ကန့်လောက် ဖြည်းဖြည်းချင်း ရှူသွင်းလိုက်မယ်၊ ပြီးရင် ခုနစ်စက္ကန့်၊ ရှစ်စက္ကန့်ကြာအောင် ဖြည်းဖြည်းချင်း နှုတ်ခမ်းလေးစူပြီး လေပြန်ထုတ်မယ် ဒါမျိုးတစ်ရက်ကို အနည်းဆုံး လေး ၊ ငါးကြိမ်လောက် လုပ်ပေးလိုက်ရင် စိတ်လည်းတည်ငြိမ်တယ်၊ အသက်ရှူတဲ့ ကြွက်သားတွေကို လေ့ကျင့်ပေးရာ ရောက်ပါတယ်။ သိပ်မပြင်းထန်တဲ့ ကိုယ်လက်လှုပ်ရှားမှုတွေနဲ့ အသက်ရှူလေ့ကျင့်ခန်းကို တွဲလုပ်သင့်ပါတယ်။ တစ်ကြိမ်တစ်ခါတည်းလုပ်ပြီး ဆက်မလုပ်ဘဲနေလို့ မရပါဘူး။ ပြန်ကောင်းလာတဲ့ကာလမှာ နေ့စဉ်ဆက်တိုက် ကိုယ်တတ်နိုင်သလောက်လုပ်ဖို့ အရေးကြီးပါတယ်။

နံပါတ် (၂) အချက်က အစားအသောက် ဝဝလင်လင် ပြန်စားပေးဖို့ပါ။ အချို့က နုံးနေတာ၊ မလှုပ်ချင်တာကြောင့် အစားအသောက် မစားဖြစ်ဘူး။ အနံ့၊ အရသာပျောက်နေရင်လည်း အစာ မစားချင်တော့ဘူး။ ဒီလိုမျိုးတွေ ဖြစ်တယ်ဆိုရင်လည်း အောင့်အည်းသည်းခံပြီး စားဖို့လိုပါတယ်။ စားတဲ့အခါမှာ အာဟာရပြည့်ဝဖို့၊ ခန္ဓာကိုယ်ထဲမှာ ရောင်ရမ်းနေတာတွေကျဖို့ ရည်ရွယ်ပြီး စားသောက်သင့်ပါတယ်။ အရောင်အသွေးစုံလင်တဲ့ သဘာဝ အသီးအနှံတွေ၊ ဥတွေ၊ အသားတွေ၊ များများစားပေးဖို့လိုပြီး အဓိက ပရိုတိန်းဓာတ်နဲ့ ဗီတာမင်ဓာတ်တွေကို ပြန်ဖြည့်ပေးဖို့လိုပါတယ်။ ခန္ဓာကိုယ်က ခုခံအားစနစ် ပြန်တည်ဆောက်တဲ့အခါ အသားဓာတ်တို့၊ ဗီတာမင်တို့ အများကြီးလိုပါတယ်။ ဒီတော့သူတို့ကို များများစားပေးဖို့ လိုပါတယ်။

ရှောင်ရမယ့် အစားအသောက်တွေရှိပါတယ်။ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုတွေ ဖြစ်စေတဲ့ အစားအသောက်တွေ၊ ခန္ဓာကိုယ်အတွက် ဘေးထွက်ဆိုးကျိုးများမယ့် အစားအသောက်တွေ ဒါတွေကို ရှောင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် အသင့်စားအစားအသောက်တွေမှာ ပါဝင်တဲ့ အသွင်ပြောင်းဆီပါတဲ့ အစားအသောက်တွေကို လုံးဝမစားမိဖို့ လိုပါတယ်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရောင်ရမ်းမှုတွေကို ပိုပြီးဖြစ်စေပါတယ်။ လုံးဝရှောင်ရှားရမှာ ဖြစ်ပါ တယ်။ ခဏခဏ ပြန်ကြော်ထားတဲ့ ဆီတွေနဲ့ ကြော်ထားတဲ့ အစားအစာတွေကို မစားမိဖို့လိုပါတယ်။

ဒီအချိန်မှာ ဆေးလိပ်သောက်တာ၊ အရက်သောက်တာတွေက ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရောင်ရမ်းမှုတွေကို တက်စေပါတယ်။ အသည်းကို ထိခိုက်မှုတွေဖြစ်စေတယ်။ ဒါကြောင့် ဒါတွေကို ရှောင်ရှားရမှာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်အားမွေးပြီး ခန္ဓာကိုယ်က အစာနဲ့အရည် ဓာတ်များများရအောင် စားသောက်ပေးရမှာ ဖြစ်ပါတယ်။

နံပါတ် (၃) အချက်က စိတ်ကို အနားပေးရမှာ ဖြစ်ပါတယ်။ စိတ်ရှုပ်စေမယ့် ဆိုရှယ်မီဒီယာ ကြည့်တာတွေကို ရှောင်သင့်ပါတယ်။ ဖြစ်နိုင်ရင် ဆိုရှယ်မီဒီယာ ခဏအဆက်အသွယ်ဖြတ်ထားပါ။ စိတ်ကို ကြံ့ခိုင်ကျန်းမာစေမယ့် သက်ဆိုင်ရာ ဘာသာတရားအလိုက် ပုတီးစိပ်၊ တရားထိုင်တာတွေ လုပ်ဖို့လိုပါတယ်။ စိတ်ချမ်းသာအောင် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ စကားပြောတာ၊ တိုင်ပင်တာ၊ တစ်ခုခုစိတ်ထဲမှာခံစားရရင် မိသားစုတွေနဲ့ ဝေမျှခံစားတာ၊ ကိုယ့်ကို အကြံဉာဏ်ပေးနိုင်မယ့် သူတွေနဲ့ တိုင်ပင်ဆွေးနွေးတာတွေ လုပ်ဆောင်သင့်ပါတယ်။

စိတ်ပိုင်းဆိုင်ရာအနေနဲ့ နောက်တစ်ခု အလေးထားပြီး လုပ်ရမယ့်ကိစ္စက မှတ်ဉာဏ်ပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ ဒီအချိန်မှာ ငယ်သူငယ်ချင်းနာမည်တွေကို စဉ်းစားပြီးရေးချတာ၊ ဖုန်းနံပါတ်တွေ ပြန်ရေးကြည့်တာ၊ တချို့ပုစ္ဆာဖြေရှင်းတဲ့ ပေါ့ပေါ့ပါးပါးဂိမ်း(Puzzle game) တွေကို ကစားတာ ဒါမျိုးတွေကို လုပ်ဆောင်ပြီး ဦးနှောက်မှတ်ဉာဏ်ကို ပြန်ကောင်းအောင် လေ့ကျင့်ယူရမှာ ဖြစ်ပါတယ်။ လေ့ကျင့်ယူရင် တဖြည်းဖြည်းပြန်ကောင်းလာတဲ့ သာဓကတွေ အများကြီးရှိပါတယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်ရင် စိတ်ထိခိုက်နိုင်တာတွေကို ရှောင်ကြဉ်ပြီး မှတ်ဉာဏ်ပြန်ကောင်းစေမယ့် အရာတွေကို ဆောင်ရွက်သင့်ပါတယ်။

နံပါတ်(၄) အချက်က နေ့စဉ် ၇ နာရီ၊ ၈ နာရီလောက် အိပ်ရေးဝအောင် အိပ်ဖို့လိုပါတယ်။ တစ်ရက်ကို ၁၂ နာရီ၊ ၁၄ နာရီလောက် အအိပ်မလွန်ဖို့ လိုပါတယ်။ ကိုယ့်အတွက် ကျန်းမာရေးနဲ့ ညီညွတ်အောင် အိပ်ရေးဝဖို့လိုပါတယ်။ များသောအားဖြင့် အိပ်မပျော်တာတွေ ဖြစ်တာများပါတယ်။ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ဆိုတာ များသောအားဖြင့် အိပ်နေတဲ့အချိန်မှာ ပြန်လည်ပြီး တည်ဆောက်ရတာ ဖြစ်ပါတယ်။ အိပ်ရေးမဝလေလေ၊ အိပ်ရေးပျက်လေလေ ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်က တည်ဆောက်မှု အားနည်းလေလေဖြစ်ပါတယ်။ ကျွန်တော်တို့ အမြဲတမ်းပညာပေးတဲ့ သတင်းစကား ဖြစ်တဲ့ အိပ်ရေးဝအောင် အိပ်ပါဆိုတာ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို ကောင်းမွန်စွာ တည်ဆောက်စေလိုတဲ့ သဘောနဲ့ ဖြစ်ပါတယ်။ အိပ်ရေးမဝတဲ့အခါ ပြန်လည်ပြီး နေကောင်းတာက ကြာမယ့်အပြင် အခြား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေ အများကြီးထိခိုက်မှာ ဖြစ်ပါတယ်။

အိပ်ခါနီး အသက်ရှူလေ့ကျင့်ခန်းလုပ်တာ၊ တရားမှတ်တာ၊ သီချင်းနားထောင်တာ၊ ကိုယ်စိတ်ဝင်စားတဲ့ စာတစ်ခုခု ဖတ်တာ၊ ကိန်းဂဏန်းတွေ ရေတွက်ပေးတာတွေက အိပ်ပျော်ဖို့ကို အားပေးပါတယ်။ ဒါတွေလုပ်လို့မှ အိပ်မပျော်ဘူး၊ အိပ်ဆေးတွေဆက်တိုက် သောက်နေရတယ်ဆိုရင် ကျွမ်းကျင်တဲ့ ပညာရှင်နဲ့ တိုင်ပင်သင့်ပါတယ်။

နံပါတ်(၅) အချက်က နေပြန်လည်ကောင်းမွန်တဲ့ ခရီးလမ်းကြောင်း (Recovery Journey) ကို သွားနေတဲ့အချိန်မှာ စိတ်မလောဖို့၊ ဖြည်းဖြည်းနဲ့ မှန်မှန်ဖြစ်ဖို့ လိုပါတယ်။ အချို့က လူငယ်လည်း ဖြစ်တော့ ဆေးရုံဆင်းပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် လူကောင်းလို့ ထင်တတ်ကြပါတယ်။ မိမိခန္ဓာကိုယ်က အထဲမှာ တစ်ခုခုဖြစ်နေတာ ရှိနေနိုင်ပါတယ်။ လုံးဝကောင်းပြီလို့ မှန်းလို့မရသေးတဲ့အခြေအနေပါ။ ဥပမာအနေနဲ့ နှလုံးကြွက်သားရောင်နေတယ်၊ ကိုယ်ကမသိဘူး၊ လှုပ်ရှားမှုတွေ ပြင်းပြင်းထန်ထန် လုပ်လိုက်မိရင် ရုတ်တရက်နှလုံးခုန်ရပ်သွားတာ၊ နှလုံးခုန်တာ စည်းချက်မမှန်တော့တာမျိုးတွေ ဖြစ်သွားနိုင်ပါတယ်၊ အသက်အန္တရာယ်အထိ ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် မလောပါနဲ့။ ကိုယ်သည် လူကောင်းတစ်ယောက် မဖြစ်သေးဘူး၊ နာလန်ထခါစ လူမမာဖြစ်တယ်ဆိုတာကို ခံယူပြီး ဖြည်းဖြည်းချင်းပြန်ပြီး အားမွေးယူရမှာ ဖြစ်ပါတယ်။

နံပါတ်(၆) အချက်က ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်ရမယ့် အချက်တွေရှိပါတယ်။ နေကောင်းလာလို့ ဆေးရုံကဆင်းလာပြီ၊ ကိုယ်အသက်ရှူရအလွန်ခက်နေလား ဒါဆိုရင် အရေးကြီးလာပြီ။ နောက်တစ်ခုက ရင်ဘတ်အောင့်တာ၊ ရင်ဘတ်အပေါ်က အလေးကြီးတစ်ခုခုနဲ့ ဖိထားသလို ခံစားနေရမယ်ဆိုရင် နှလုံးတိုက်ခိုက်ခံရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက စိတ်အလွန်ရှုပ်လာမယ်၊ စကားပြောရတာ မပီချင်တော့ဘူး၊ သတိလစ်ချင်သလိုဖြစ်လာပြီဆိုရင် ချက်ချင်းကျန်းမာရေးဌာနနဲ့ ဆက်သွယ်ပြီး အရေးပေါ်သွားရောက်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး မျက်နှာ၊ နှုတ်ခမ်းတွေ ပြာလာမယ်ဆိုရင် အောက်ဆီဂျင် ကောင်းကောင်း မရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အောက်ဆီဂျင် တိုင်းတဲ့စက်ရှိရင် ပုံမှန်တိုင်းကြည့်နေရမှာ ဖြစ်ပါတယ်။ အောက်ဆီဂျင် ၉၄ ရာခိုင်နှုန်း အောက်ကျနေပြီဆိုရင် နီးစပ်ရာမိသားစုဆရာဝန် (သို့မဟုတ်) ကျန်းမာရေးဌာနကို ချက်ချင်းအကြောင်းကြားကုသမှုခံရမှာဖြစ်ပါတယ်။

ကျန်းမာရေးဌာနကို ချက်ချင်းသွားစရာ မလိုပေမယ့် သတိပြုစောင့်ကြည့်ပြီး ကိုယ့်ဆရာဝန်ဆီကို မဖြစ်မနေဆက်သွယ်ရမယ့် အချက်တွေရှိပါတယ်။ ဒါက တစ်ညလုံးအိပ်လို့ မပျော်ဘူး၊ အိပ်ပျော်ချိန်က ၁၀ မိနစ်၊ ၁၅ မိနစ်၊ နာရီဝက်လောက်ပဲ အိပ်ပျော်တဲ့ ညတွေဆက်တိုက် ဖြစ်လာတယ်။ နောက်တစ်ခုက ကိုယ်အလေးချိန် တစ်ပတ်၊ နှစ်ပတ်အတွင်း သိသိသာသာ ကျသွားတယ်၊ ဒါမှမဟုတ် ကိုယ်အလေးချိန်တွေ သိသိသာသာ တက်လာတယ်။ ဒါမျိုးဆိုရင် ဆရာဝန်နဲ့ တိုင်ပင်ဖို့လိုပါတယ်။ ဝမ်းပျက်ဝမ်းလျှောလိုမျိုး ဆက်တိုက်ဖြစ်လာရင်လည်း ဆရာဝန်နဲ့ ဆက်သွယ်တိုင်ပင်ဖို့ လိုပါတယ်။

နံပါတ် (၇)အချက်အနေနဲ့ မည်သူမဆို အထူးသဖြင့် အသက်အရွယ်ကြီးတဲ့သူတွေအနေနဲ့ သိပ်လည်း နေပြန်မကောင်းသေးဘူးဆိုရင် တစ်ယောက်တည်းမနေသင့်ဘဲ မိသားစုရှိတဲ့နေရာ၊ အရေးပေါ်ပြုစုစောင့်ရှောက်ပေးနိုင်မယ့်လူတွေအနားမှာ အနီးကပ်နေတာ ကောင်းပါတယ်။ ခုနပြောတဲ့ နောက်ဆက်တွဲလက္ခဏာတွေပေါ်လာတာ၊ အိပ်မပျော်တာ၊ စားမဝင်တာ၊ စိုးရိမ်ထိတ်လန့်တာစသဖြင့် တစ်ခုခုဆိုရင် တိုင်ပင်ဖော်၊ တိုင်ပင်ဖက်အဖော်လိုပါတယ်။ လုံးဝအရှင်း ပြန်မကောင်းသေးတဲ့ ကာလမှာ တစ်ယောက်တည်းနေတာကို ရှောင်ကြဉ်သင့်ပြီး မိမိကို အနီးကပ်စောင့်ရှောက်နေနိုင်မယ့်သူ မိသားစုနဲ့အတူ နေထိုင်သင့်ပါတယ်။ ဆေးရုံ၊ ဆေးခန်းသွားရမယ်ဆိုရင် သူတို့က ပို့ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီအချက်က အရေးကြီးပါတယ်။


နံပါတ် (၈) အချက်က လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေကို လျှော့ချဖို့လိုပါတယ်။ နေပြန်ကောင်းလာပြီ၊ တစ်ယောက်တည်း သီးသန့်ခွဲခြား (Isolation) နေရမယ့်ကာလလည်း ပြည့်ပြီဆိုရင် ကိုယ့်လုပ်ငန်းခွင်ရှိတဲ့နေရာကို ပြန်သွားသင့်ပါတယ်။ ဒီလိုသွားတဲ့အခါမှာလည်း ပါးစပ်နှင့်နှာခေါင်းစည်း(Mask)တပ်၊ လက်ဆေး၊ ခပ်ခွာခွာနေ၊ လေဝင်လေထွက်ကောင်းတဲ့နေရာမှာနေ စတာတွေအပြင် မိမိတို့လုပ်ငန်းခွင်မှာ လုပ်ငန်းခွင်အလိုက် ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ သွားလာနေထိုင်လုပ်ကိုင်ဖို့လိုပါတယ်။

အလုပ်ထဲပြန်ရောက်တဲ့အခါ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာထိခိုက်မှုတွေက သက်သာလာမယ်၊ ပြန်လည်ကျန်းမာပြီး စိတ်လည်းချမ်းသာမယ်၊ ဝင်ငွေလည်းကောင်းမယ့်သူ တစ်ယောက်အဖြစ် ပြန်လည်ရပ်တည်လာနိုင်မှာ ဖြစ်ပါတယ်။

ကိုဗစ်–၁၉ရောဂါပြန်ကောင်းလာသူတွေအနေနဲ့ ဒီအချက် (၈) ချက်က လိုက်နာသင့်တဲ့ အချက်တွေ ဖြစ်ကြောင်း ဒီနေရာကနေ အကြံပြုတင်ပြလိုပါတယ်။ ပြည်သူများလည်း ကိုဗစ် – ၁၉ ရောဂါနဲ့ နောက်ဆက်တွဲခံစားရတဲ့ ရောဂါတွေအန္တရာယ်က ကင်းဝေးကြပါစေလို့ ထပ်မံပြီး ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။ **ကျေးဇူးတင်ပါတယ်။**

# ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များအား ထောက်ပံ့ပေးနေသူ သုံးဦးနှင့် အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦး ဖမ်းဆီးရမိ

ကယားပြည်နယ်အတွင်းရှိ အကြမ်းဖက် PDF အဖွဲ့များအား ထောက်ပံ့ပေးနေသူ သုံးဦးနှင့် အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦးအား ဖမ်းဆီးရမိမှု Diagram




နေပြည်တော် ဩဂုတ် ၂၆


နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများအပါအဝင်အစိုးရပိုင်အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားလျက်ရှိသည့် နေရာများအား မိုင်းထောင်တိုက်ခိုက်ခြင်း၊ အပြစ်မဲ့လူပုဂ္ဂိုလ်များအား ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည့် ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များကို ငွေကြေး၊ ဝတ်စုံ၊ ရိက္ခာ၊ ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိသည့် မျိုးပပ အား ဩဂုတ် ၁၂ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Star City အိမ်ရာအခန်းအမှတ် (A3/1023)၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ မျိုးပပ၏ ထွက်ဆိုချက်အရ ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များထံ ထောက်ပံ့ပေးရန် ၎င်း၏ KBZ Pay Account အတွင်းသို့ စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဖွဲ့စည်းထားသည့် Together Myanmar အဖွဲ့မှ ဇူလိုင်လအတွင်း ငွေကျပ် ၁၅၇၂၇၅၀၀၊ ဩဂုတ်လအတွင်း ငွေကျပ် ၆၆၄၂၃၅၀ စုစုပေါင်း ငွေကျပ် ၂၂၃၆၉၈၅၀ အား စင်ကာပူနိုင်ငံနေ ငြိမ်းချမ်းသူမှတစ်ဆင့် ပေးပို့မှုကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်နေ ဦးမြင့်အောင်ထံမှ ငွေကျပ် ၅၀၀၀၀၀၀ ကို လည်းကောင်း လက်ခံရရှိခဲ့ကြောင်း၊ လက်ခံရရှိငွေများကို အသုံးပြု၍ တရားခံ မျိုးပပ သည် ကယားပြည်နယ်ရှိ အကြမ်းဖက် အဖွဲ့များဖြစ်သည့် လွိုင်ကော် PDF ၊ ဒီးမော့ဆို PDF ၊ KNDF(Karenni Nationalities Defense Force) အဖွဲ့များအတွက် လက်နက်၊ ခဲယမ်း ဝယ်ယူရန် ငွေကြေး၊ ဝတ်စုံ၊ ရိက္ခာ၊ ဆေးဝါးများ ထောက်ပံ့ခြင်းကို စုစုပေါင်း အကြိမ် ၂၀ လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းပေးပို့ထောက်ပံ့သည့် ငွေကြေး၊ ဝတ်စုံ၊ ရိက္ခာ၊ ဆေးဝါးများအား ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များထံ ပို့ဆောင်ပေးနေသည့် ဆက်စပ်တရားခံ လင်းလင်းခိုင်(ခ) ထွေးခိုင်နှင့် အကြမ်းဖက် PDF သင်တန်းဆင်း ရဲနိုင်ထွေး(ခ) ကိုရဲတို့အား ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ရှမ်းပိုင်းရပ်ကွက် အိမ်အမှတ်(၆၄)တွင် ဖမ်းဆီးရမိခဲ့ပြီး လင်းလင်းခိုင် (ခ)ထွေးခိုင်နှင့် ရဲနိုင်ထွေး (ခ)ကိုရဲတို့သည် မျိုးပပ က ပေးပို့သည့် ငွေများဖြင့် ကယားပြည်နယ်အတွင်း PDF အဖွဲ့များအား ရိက္ခာ၊ စစ်ဝတ်စုံ၊ ဆေးဝါးတို့အား လွိုင်ကော်မြို့မှ ဝယ်ယူကာ ဒီးမော့ဆိုမြို့နယ်သို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါတရားခံနှစ်ဦး၏ ထွက်ဆိုချက်များနှင့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) စစ်ဝတ်စုံများဝတ်ဆင်ပြီး အယောင်ဆောင်ကာ လက်နက်နှင့် ခဲယမ်းများအား ဖားဆောင်းမြို့မှ ဒီးမော့ဆိုမြို့သို့ Super Custom ယာဉ်ဖြင့် သယ်ဆောင်လာသည့် အကြမ်းဖက် ဒီးမော့ဆို PDF အဖွဲ့ဝင်များဖြစ်ကြသော မန်းဒီဇင်(ခ) ငမန်း၊ နိုင်ထွန်းလင်း(ခ) ဆိတ်ကုလား၊ မျိုးဇော်ဟိန်း(ခ)မျိုးကြီး၊ ဟန်ပြည့်ညီ(ခ)ငါးကလေး၊ ကျော်မင်းထက်(ခ)ဇူတ္တာ၊ ကျော်ဇင်ဦး (ခ)အာနိုး၊ ဖြိုးဘိုဘို (ခ)ဖြူဖွေး၊ ပေါလု(ခ)ဘင်ဘင်း၊ ကောင်းထက်အောင်(ခ)ကောင်းထက်၊ စိန်သန်းဌွေး (ခ)သံချောင်းတို့ ၁၀ ဦးအား ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ဘော်လခဲမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ M–16 လေးလက်၊ MK–12 သုံးလက်၊ ပစ္စတို သုံးလက်၊ ကျည်မျိုးစုံ ၉၀၆ တောင့် အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ဘော်လခဲမြို့ ပူးပေါင်း စစ်ဆေးရေး ဂိတ်၌ အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦးအား လက်နက်/ ခဲယမ်းများ နှင့်အတူ ဖမ်းဆီး ရမိခဲ့သည့် တည်နေရာပြ မြေပုံ




ဒီးမော့ဆိုမြို့နယ်အတွင်း အကြမ်းဖက် PDF အဖွဲ့ဝင်များ တိုက်ခိုက်ခဲ့သည့် နေရာပြမြေပုံ



ဘော်လခဲ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ PDF အဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

ဖမ်းဆီးရမိတရားခံ ၁၀ ဦး၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် မေလနှင့် ဇွန်လအတွင်း ဒီးမော့ဆိုမြို့နယ်၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ PDF အဖွဲ့များအား ကယားပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် တရားမဝင် NUG အဖွဲ့မှ တရားခံပြေး ခွန်းဘီထူး (ခ)လွှီးဇီငြိမ်းနှင့် ချစ်ထွန်းတို့က ညွှန်ကြားစေခိုင်းလျက်ရှိကြောင်း၊ ပြည်တွင်း/ ပြည်ပမှ အလှူငွေများအား ဒီးမော့ဆို PDF အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ဝင်း၊ ဘုန်းဇော်ပိုင်၊ ထွန်းလွင်ဦးတို့က ကောက်ခံလျက်ရှိကြောင်း၊ ကောက်ခံရရှိသောငွေကြေးများဖြင့် လက်နက်ဝယ်ယူမှုအား အကြမ်းဖက်အဖွဲ့ဝင် အောင်စိုးဦး (ခ) သားသား၊ အောင်မြင့်မြတ်(ခ) အောင်မြတ်တို့က လုပ်ဆောင်လျက်ရှိကြောင်း။

အဆိုပါ အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦးသည် ၂၀၂၁ ခုနှစ် မေလအတွင်း ဒီးမော့ဆိုရဲစခန်းအား ဝင်ရောက်တိုက်ခိုက်မှုနှင့် ဒီးမော့ဆိုမြို့နယ် ကျောက်ဆည်ကန်အနီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှု၊ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း ဒီးမော့ဆိုမြို့နယ် ဒေါင်ခါးရပ်ကွက် Church ကျောင်းအနီး တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြကြောင်း သိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်နေသည့် ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့ကိုဆက်သွယ်ထောက်ပံ့ခဲ့သူများ အပါအဝင် စုစုပေါင်း တရားခံ ၁၃ ဦးအား ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၈-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ MRTV Travelogue
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၂:၃၀ MRTV National News
၁၂:၅၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၈/၂၀၂၂) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၆:၃၅ Weekly Sports Info
၁၇:၃၀ လူငယ်ပန်းဥယျာဉ်အစီအစဉ်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၀ သုတဝေဖြာသီရိဂေဟာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၅၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ဝသာန်မိုးရာသီ' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
၂၂:၃၀ ပြည်သူ့နီတိ 'တစ်နေ့မှာ'

### mitv

07:01 News
07:27 Hsu Myat Khay Mar (Tekkatho Lei Lei)
07:34 Between the Beaches: Chaung Tha Vs Ngwe Saung
07:44 Kyaikhteeyoe: Mountain Drivers
07:51 Myanmar Cultural Heritage From Kyar Paing Village
08:01 Dances of Myanmar: Rvwang Azulam Dance
08:05 Irrawaddy Dolphin (Part-1)
08:21 Myanmar's Traditional Ceramics
08:43 Myanmar Invites You
09:00 Don Min Artist
09:20 Natural Lake: Fish Breeding Business
09:33 Tapestry - A Unique Combination Of Painting and Craftsmanship
09:51 Chaung Tha Souvenir Business
10:00 Sons of the Lake

### MRTV NRC

ကယား (၀၆:၀၀ မှ ၀၈:၀၀)
ဗိတ်ဒေါ်တယ်လေကယားတိုင်းမြေ
ရုပ်ရှင်အခြေပြုခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့
ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)
ငုံးမွေးမြူရေး
အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
သဘာဝဓါတ်ကျောက်များဖျော်စံရာမိန်းမလှကျွန်း
အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
လေးကြိုးပြုလုပ်ခြင်း
မွန် (၁၃:၀၀ မှ ၁၄:၀၀)
သပြေသီးဟင်းနဲ့ပုစွန်ကြော်
ရခိုင် (၁၄:၀၀ မှ ၁၅:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)
ရှမ်း (၁၅:၀၀ မှ ၁၆:၀၀)
လှမ်းခဲ့ပါလေတောင်တိုင်မြေ
ဝ (၁၆:၀၀ မှ ၂၁:၀၀)
စာပေစကားပြောကြရအောင်
ကချင် (၂၁:၀၀ မှ ၂၂:၀၀)
ပူဒီနာသုပ်

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပယားကိုရိုက်နှက်ခြင်း'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၁၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၅ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ် နမ့်ဖာဟော်တံတားမှ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၄၃ ဦးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသားသုံးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့ကို အသီးသီး လက်ခံခဲ့သည်။

**ကူညီဆောင်ရွက်**

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်- ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**လိုက်လံပို့ဆောင်**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ကျောင်းကုန်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်၌ ယနေ့နံနက်ပိုင်းမှစတင်၍ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂) ဦးတင်မောင်နှင့် အဖွဲ့ဝင်(၃)ဦးမျိုးဝင်းရှိန်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

အထက (၁) ရှိ စုရပ်(၁)တွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ မိုးမခ၊ သစ်ဆိမ့်ကုန်းကျေးရွာတို့မှ ဇူလိုင် ၂၉ ရက်က ပထမအကြိမ် ထိုးနှံခဲ့ကြသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၀၀ ကို ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၈ - ၂၀၂၂

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၉၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၂၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၀၀/၁၀၃၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၇၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၁၁၅ ကျပ် | ၁၁၇၅/၁၂၁၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၆၆၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၅၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၂၂၉ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၈၁၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၁၀ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၉၆ . ၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၅၆ . ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ . ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၇၉၂ | ၃၃၆၈၈၈၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၁၄၂၄ | ၄၆၃၀၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၁ | ၂၀၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၈၀၀ | ၄၉၀၀ | ၆ | ၂၉၃၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လှပတဲ့အနာဂတ်

ထွန်းထွန်း(ခရေရိုပ်)

"လူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ
တန်ဖိုးအရှိဆုံး အရာဟာ
စိတ်ကောင်းပါ" လို့ တိပိဋကဓရ ယောဆရာတော်အရှင်သီရိန္ဒာဘိဝံသက မိန့်ဆိုခဲ့ပါတယ်။

**❊ အသက်ရှင်နေရသမျှ လူ့ဘဝကို တန်ဖိုးမဲ့အောင်၊ ဖြုန်းတီးဖျက်ဆီးနေတဲ့ အသိဉာဏ်နည်းသူတွေကိုလည်း လူမှုအသိုက်အဝန်းမှာ တွေ့မြင်နေရတယ်။ ဆင်ခြင်တုံတရားနည်းပါးအောင်၊ အမှောင်ထုထဲ နစ်မွန်းအောင် မှိုင်းတိုက်နေကြသူ၊ လူဆိုးလူယုတ်တွေကိုလည်း အံ့သြမိပါတယ်။ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ကိုယ်တိုင်မဝေခွဲတတ်ရုံမျှမက မိမိပတ်ဝန်းကျင်မှာရှိတဲ့ လူတွေ၊ ကိုယ့်ဇာတိ၊ ရပ်ရွာ၊ မြို့နယ်၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံထဲက ဆွေမျိုးသားချင်းတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးရအောင် ခြိမ်းခြောက်၊ ဖုံးခွဲ၊ သတ်ဖြတ်တယ်ဆိုတာက လူလူချင်း စာနာထောက်ထားမှု ကင်းမဲ့လှပါတယ်**

လူတွေဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးအပေါ်မှာ တည်မှီပြီး အသက်ရှင်သန်နေကြခြင်းဖြစ်ပါတယ်။ ကံဆိုတာ အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်၊ ကိုယ်ကျင့်တရား စာရိတ္တသီလ၊ ဝါရိတ္တသီလ လုံခြုံအောင် စောင့်ထိန်းတာ၊ ကျန်းမာရေးစည်းကမ်းတွေနဲ့အညီ နေထိုင်တာ၊ စေတနာကောင်း ရည်ရွယ်ချက်ကောင်းရှိတဲ့ အလုပ်ကိုပြုလုပ်တာပဲ ဖြစ်ပါတယ်။

## စိတ်ဆိုတာ

စိတ်ဆိုတာက သိမှုသဘောပါ။ စိတ်က အာရုံအပေါ်ညွတ်ပြီး လိုချင်လောဘဖြစ်တဲ့အခါ ဖြစ်ပါတယ်။ အလိုမကျတဲ့အာရုံနဲ့တွေ့တဲ့အခါ အမျက်ထွက်ခြင်း၊ ဒေါသဖြစ်ချင်ဖြစ်တယ်။ ဝေခွဲရခက်တဲ့ မသိမှုမောဟကြောင့် စိတ်ထင်ရာပြုလုပ်မိမှားတတ်ပါတယ်။ ချစ်ခြင်း၊ မုန်းခြင်း၊ ရဲဝံ့ခြင်း၊ ကြောက်ရွံ့ခြင်း၊ တွေးတောဆင်ခြင်ခြင်း၊ စဉ်းစားခြင်း၊ အမှားသိခြင်း၊ အမှန်မြင်ခြင်း စတာတွေမှာ မောဟဆိုတဲ့ အမိုက်မှောင်က ဖုံးလွှမ်းပြီး လမ်းကြောင်းအမှန်က သွေဖည်အောင် စေ့ဆော်တိုက်တွန်းပါတယ်။

အသက်ရှည်တဲ့ပုဂ္ဂိုလ်တွေဟာ အများအားဖြင့် သီလကောင်းပြီး ကောင်းခြင်း၊ ဆိုးခြင်း ကြုံလာသမျှကို ယောနိသော မနသိကာရ အသင့်အတင့်နှလုံးသွင်းတတ်ကြတာကို တွေ့ရပါတယ်။ လူ့အသက်တစ်ချောင်းဟာ ငွေရှိတိုင်းလည်း အသက်မရှည်တတ်ကြပါဘူး။ ငွေရှိတယ်၊ ဩဇာအာဏာရှိတယ်၊ အဆက်အသွယ်ကောင်းတွေလည်း ပိုင်ဆိုင်တယ်။ ဒါပေမယ့် အချိန်မီမရောက်လို့၊ ဆေးဝါးပစ္စည်းမရလိုက်လို့ စသဖြင့် အကြောင်းမညီညွတ်တော့ တိမ်းပါးသွားခဲ့ရတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ယခုအချိန်မှာ ကိုဗစ် – ၁၉ ကပ်ရောဂါဆိုးကြီးက တစ်ကမ္ဘာလုံးကို ဝင်ရောက်မွှေနှောက်နေပါတယ်။ ဆင်းရဲချမ်းသာမရွေး၊ ကျေးလက်မြို့ပြမရွေး မထင်မှတ်ဘဲ ကူးစက်ကပ်ငြိပြီး အသက်ပေးနေရပါတယ်။ အချို့နိုင်ငံတွေမှာဆိုရင် အလောင်းတွေပုံနေတာ ကမ္ဘာ့သတင်းတွေမှာ ကြောက်ခမန်းလိလိ မြင်တွေ့နေရပါတယ်။ ကပ်ရောဂါဘေးဆိုးကြီးကြောင့် သေခြင်းတရားက လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေး ခြောက်လှန့်နှိပ်စက်နေပါတယ်။

## စိတ်ကောင်းနှလုံးကောင်းထား

လူတွေကို စိတ်ကောင်းနှလုံးကောင်းထားကြဖို့ သတိသံဝေဂပေးနေသလိုလည်း ဖြစ်ပါတယ်။ သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့အုပ်ပြီး လူတိုင်းက မိမိတို့ရဲ့စိတ် မကောင်းတဲ့ဘက်ကို မတိမ်းညွတ်အောင် စောင့်ထိန်းနေထိုင်သင့်လှပါတယ်။ နေရသမျှ လူ့ဘဝအချိန် တိုတိုလေးအတွင်းမှာ ဟိုလူ့ရန်လုပ်၊ ဒီလူ့မုန်းတီး၊ တိုက်ခိုက်၊ သတ်ဖြတ်၊ နှိပ်စက်၊ အနိုင်ကျင့်၊ အကြမ်းဖက်တဲ့လုပ်ရပ်ဟာ ဖယောင်းတိုင်ကို နှစ်ဖက်မီးညှိပြီး ကိုင်ထားလို့ မိမိကိုယ်ကို လောင်မြိုက်စေတာနဲ့ တူပါတယ်။

အသက်ရှင်နေရသမျှ လူ့ဘဝကို တန်ဖိုးမဲ့အောင်၊ ဖြုန်းတီးဖျက်ဆီးနေတဲ့ အသိဉာဏ်နည်းသူတွေကိုလည်း လူမှုအသိုက်အဝန်းမှာ တွေ့မြင်နေရတယ်။ ဆင်ခြင်တုံတရားနည်းပါးအောင်၊ အမှောင်ထုထဲ နစ်မွန်းအောင် မှိုင်းတိုက်နေကြသူ၊ လူဆိုးလူယုတ်တွေကိုလည်း အံ့သြမိပါတယ်။ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ကိုယ်တိုင်မဝေခွဲတတ်ရုံမျှမက မိမိပတ်ဝန်းကျင်မှာရှိတဲ့ လူတွေ၊ ကိုယ့်ဇာတိ၊ ရပ်ရွာ၊ မြို့နယ်၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံထဲက ဆွေမျိုးသားချင်းတွေကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးမထိုးရအောင် ခြိမ်းခြောက်၊ ဖုံးခွဲ၊ သတ်ဖြတ်တယ်ဆိုတာက လူလူချင်း စာနာထောက်ထားမှု ကင်းမဲ့လှပါတယ်။

တိုင်းပြည်နဲ့ လူမျိုးကို အကျိုးရှိအောင် မလုပ်ချင်နေပါ။ အကျိုးမဲ့ဖျက်ဆီး၊ သတ်ဖြတ်၊ နှိပ်စက်တာကတော့ လူ့ကျင့်ဝတ်ပျက်ပြား၊ အမှားကြီးမှားပါတယ်။ လက်နက်အားကိုးနဲ့ ဆိုးရွားရက်စက်လှတဲ့၊ မိုက်မဲတဲ့ယုတ်မာမှုဖြစ်သွားပြီ။ အဟိတ်တိရစ္ဆာန် စိတ်ထားမျိုး ရိုင်းစိုင်းသွားခဲ့ပြီ။ ဆင်၊ မြင်းတွေတောင်မှ သင်ပြလေ့ကျင့်ပေးရင် အသက်ထက်ဆုံး လိမ္မာယဉ်ကျေးပြီး ဆင်ရတနာ၊ မြင်းရတနာတွေအဖြစ် လူသားတွေကို အကူအညီပေး၊ အကျိုးပြုကြပါတယ်။

## သံယောဇဉ် ဖြတ်ဖို့အချိန်

တိုင်းပြည်အကျိုးကို မသယ်ပိုးနိုင်တဲ့အပြင် ကိုယ့်နိုင်ငံသားအချင်းချင်း တိုက်ခိုက်သေကျေအောင် အကြမ်းဖက်တဲ့သူကိုတော့ မိမိတို့ဌာနေပြည်သူလူထုက သေသေချာချာ ခွဲခြားကြည့်ရှုပြီး လက်ဦးအောင် ဟန့်တားဖို့လိုအပ်နေပါပြီ။ သံယောဇဉ်ဖြတ်ဖို့ အချိန်ရောက်လာပါပြီ။ ဒုက္ခပေးခဲ့တာတွေကို သိမြင်နားလည်ဖို့ အချိန်ရောက်ပါပြီ။

ဗကပ၊ အလံနီ၊ ကေအင်ဒီအို၊ မူဂျာဟစ်၊ ကူမင်တန်၊ ပြည်ပြေး စတဲ့လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အမျိုးမျိုးဟာ အစပိုင်းမှာ မစားရ ဝခမန်း ဝါဒဖြန့်ကောင်းလို့ ပြည်သူအချို့က အားပေးထောက်ခံခဲ့ပါသေးရဲ့။ ကြာကြာဝါးတော့ ခါးမှန်းသိဆိုသလို နိုင်ငံသူ နိုင်ငံသားတွေအပေါ် လက်နက်အားကိုးနဲ့ အနိုင်ကျင့်ဗိုလ်ကျ၊ တရားလက်လွတ် နှိပ်စက်တာတွေ များလာတာနဲ့အမျှ ပြည်ထောင်စုသား၊ လူထုကိုယ်တိုင်က ဓား၊ လှံ၊ ဒူးလေး စတဲ့ရရာလက်နက်နဲ့ ခုခံကာကွယ် တိုက်ခိုက်ကြတဲ့အခါ လုံးဝပျက်သုဉ်းချုပ်ငြိမ်းသွားခဲ့ကြပါတယ်။ မြန်မြန်ရှင်းမှ ဘေးကင်းမှာ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ထက်သန်တဲ့ စိတ်ဆန္ဒနဲ့ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသကို အေးချမ်းလုံခြုံအောင် ဥစ္စာရှင်လို ဥစ္စာရှင်ခဲဆိုသလို အကြမ်းဖက်သမားတွေ မရှိအောင် ပြတ်ပြတ်သားသား ဖော်ထုတ်ချေမှုန်းကြဖို့ လိုအပ်နေပါပြီ။ ကြာလေလေ ခြိမ်းခြောက် ဒုက္ခပေးလေမို့ အမြစ်ဖြတ်ကြဖို့လိုပါတယ်။

မိမိတို့ ဆက်လက်အသက်ရှင်သန်ဖို့ဆိုတာ မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသမှာ ကျရောက်လာနိုင်တဲ့ ကူးစက်မြန် ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးစည်းကမ်းချက်တွေနဲ့အညီ ကာကွယ်ရသလို လက်နက်ကိုင်အကြမ်းဖက်၊ သတ်ဖြတ်၊ ဖုံးခွဲအနိုင်ကျင့်နေတဲ့ NUG ၊ PDF စတဲ့ ဘာဘာညာညာ အဓမ္မရန်သူတွေကိုလည်း အမြန်ဆုံး ဖော်ထုတ်ရှင်းလင်းမှ အေးချမ်းပါလိမ့်မယ်။

## စုပေါင်းညီညာဆန့်ကျင်ပါ

ဘယ်လိုပဲ ခြိမ်းခြောက်ပါစေ၊ ကြောက်ရွံ့ရှောင်လွှဲနေလို့ မပြီးပါဘူး။ သည်းခံနောက်ဆုတ်လေလေ ပိုမိုဆိုးရွားအနိုင်ကျင့်လေဖြစ်ပါလိမ့်မယ်။ ရဲရဲဝံ့ဝံ့ စုပေါင်းညီညာဆန့်ကျင်ပါ။ ရပ်ရွာကာကွယ်ရေးကို တာဝန်ယူနေကြတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့အတူ လက်တွဲပြီး အကြမ်းဖက်သမားမှန်သမျှကို ဖော်ထုတ်ချေမှုန်းကြမှသာ ပြည်သူတွေ ဘေးရန်ကင်းကွာ အေးချမ်းပါလိမ့်မယ်။

**လူငယ်တွေအားလုံးက အပြုသဘောစိတ်ထားနဲ့ နိုင်ငံကို တည်ဆောက်မယ်ဆိုရင် မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိရပ်ကွက်ကို အရင်ဆုံးဦးစွာပထမ စုပေါင်းညီညာလုံခြုံအောင် ကာကွယ်ရမှာ၊ ပါဝင်လှုပ်ရှားကြရမှာ ဖြစ်ပါတယ်။ အမြော်အမြင်ရှိတဲ့ လူငယ်များရဲ့ လက်ထဲမှာပဲ လှပတဲ့နိုင်ငံတော်ရဲ့ အနာဂတ်က ရှိနေပါတယ်။**

အသိဉာဏ်နည်းပါး၊ အမြော်အမြင်မရှိဘဲ နွားရူးဆူးတိုး မိုက်ရိုင်းရမ်းကား၊ သတ်ဖြတ်၊ ဖုံးခွဲ၊ အကြမ်းဖက်သမားလူငယ်အနည်းစုရဲ့ လက်ထဲမှာပဲ နိုင်ငံနဲ့ ပြည်သူဟာ ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ဖို့သာရှိပါတယ်။

"ဓမ္မနဲ့ အဓမ္မ ဘယ်သူနိုင်မှာလဲ။
ပြည်သူကြိုက်ရာရွေးပါလေ။
ကုသိုလ် နဲ့ အကုသိုလ် ဘာကြိုက်သလဲ။
ပုညကုသလနဲ့ ပါပအကုသိုလ်
(ဘုမသိ ဘမသိ၊ ပုနဲ့ပတောင် မခွဲခြားတတ်တဲ့
သူတွေ ဆိုးရွားရက်စက်နေတာလေ)
ပြည်သူတွေရွေးချယ်ဆုံးဖြတ်ရမှာပါ။

စိတ်ကောင်းနဲ့ စိတ်ယုတ် ဘယ်ဘက်ကို အားပေးကူညီမှာလဲ။ ပြည်သူတွေ အသိအမြင်ကြွယ်နေပါပြီ။ ခွဲခြားတတ်ပြီဆိုတာ အပြည့်အဝယုံကြည်ပါတယ်။ စိတ်ကောင်း၊ စေတနာကောင်း၊ စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူတဲ့ လူငယ်တွေရဲ့ခေတ်မှာ တို့နိုင်ငံအလံတော် တလူလူလွှင့်ကာ တိုးတက်ဖွံ့ဖြိုးလာဦးမှာပါ။ ။

**❍ ဗကပ၊ အလံနီ၊ ကေအင်ဒီအို၊ မူဂျာဟစ်၊ ကူမင်တန်၊ ပြည်ပြေးစတဲ့ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အမျိုးမျိုးဟာ အစပိုင်းမှာ မစားရဝခမန်း ဝါဒဖြန့်ကောင်းလို့ ပြည်သူအချို့က အားပေးထောက်ခံခဲ့ပါသေးရဲ့။ ကြာကြာဝါးတော့ ခါးမှန်းသိဆိုသလို နိုင်ငံသူနိုင်ငံသားတွေအပေါ် လက်နက်အားကိုးနဲ့ အနိုင်ကျင့်ဗိုလ်ကျ၊ တရားလက်လွတ် နှိပ်စက်တာတွေ များလာတာနဲ့အမျှ ပြည်ထောင်စုသား၊ လူထုကိုယ်တိုင်က ဓား၊ လှံ၊ ဒူးလေး စတဲ့ရရာလက်နက်နဲ့ ခုခံကာကွယ် တိုက်ခိုက်ကြတဲ့အခါ လုံးဝပျက်သုဉ်းချုပ်ငြိမ်းသွားခဲ့ကြပါတယ်။ မြန်မြန်ရှင်းမှ ဘေးကင်းမှာ ဖြစ်ပါတယ်**

---

## လှိုင်းဘွဲမြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် ပန္နက်တင်

လှိုင်းဘွဲ ဩဂုတ် ၂၆

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒက အောင်တော်မူဂါထာဖြင့် ပူဇော်ခြင်း၊ မဲဆမိတ်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒရက ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် ဆရာတော်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်း၊ စစ်ဗျူဟာအခြေချ(လှိုင်းဘွဲ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စံထူးကျော်နှင့် တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များက အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)



ဘုန်းတော်ကြီးကျောင်းများအတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများဆက်ကပ်

မန္တလေး ဩဂုတ် ၂၆

သာသနာရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာ အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးကျောင်းတိုက်၊ စတုဘုမ္မိက နဂါးပရိယတ္တိစာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ် အနောက်ထီးလင်းကျောင်းတိုက်၊ စကုကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ် မြင်းဝန်မင်းကြီး ကျောင်းတိုက်တို့သို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသည့် ဆွမ်းဆန်တော် ၁၉၂ အိတ်၊ ဆီ ၃၇၅ ပိဿာ၊ ပဲ ၅၃ အိတ်တို့ကို တိုင်းဒေသကြီး သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများကဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။

မန်း (ကိုယ်ပွား)

## မက်မန်းခရိုင်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

မက်မန်း ဩဂုတ် ၂၆

**ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က မက်မန်းမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ၍ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။** (ယာပုံ)

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မက်မန်းခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အဖွဲ့အား ငွေကျပ် ၁၀ သိန်း၊ မက်မန်းခရိုင်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နယ်ခြားစောင့်တပ်အား ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်ရာ ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် နယ်ခြားစောင့်တပ်မှူး ဦးစိုင်းယီတို့က လက်ခံယူသည်။

ယင်းနောက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ ငွေကျပ် ၁၀ သိန်း၊ နှာခေါင်းစည်း ၂၀၀၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀၊ မျက်နှာအကာ ၅၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၊ ဆေးရုံသုံးဝတ်စုံ ၁၀၀၊ ဆေးရုံသုံးဦးထုပ် ၁၀၀၊ အောက်ဆီဂျင်ထုတ်စက်တစ်လုံးနှင့် ဆေးဝါးများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မက်မန်းမြို့ရှိ ပညာဒီပထေရဝါဒဗုဒ္ဓဘုန်းတော်ကြီး ပညာသင်ကျောင်းသို့သွားရောက်ကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးခဲ့ကြပြီး မက်မန်း - ဗလကုမ္ပဏီမှ




တာဝန်ယူဆောင်ရွက်နေသော မြေထိန်းနံရံ ဆောင်ရွက်နေမှုများနှင့် ရွှေမော်ဖကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော We Love Matman View Point ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

## တနင်္သာရီတိုင်းဒေသကြီးအစိုးရက လှူဒါန်းသော အောက်ဆီဂျင်စက် မြိတ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိ တစ်ရက်လျှင် အောက်ဆီဂျင်အိုး အလုံး ၁၈၀ မှ ၂၀၀ ခန့် ထွက်ရှိမည်

မြိတ် ဩဂုတ် ၂၆

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ အသုံးပြုရန်အတွက် လှူဒါန်းထားသည့် အောက်ဆီဂျင်စက်သည် ဩဂုတ် ၂၅ ရက်က မြိတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိသည်။

အောက်ဆီဂျင်စက် တပ်ဆင်ရန် သယ်ယူနေမှုကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညာဏ်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။ (ယာပုံ)

အဆိုပါ အောက်ဆီဂျင်စက်သည် တစ်နာရီလျှင် လီတာ ၄၀ အိုး ၁၀ လုံး ထွက်ရှိကြောင်း၊ အောက်ဆီဂျင်စက်ကို ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံအတွင်း စတင်လည်ပတ် အသုံးပြုနိုင်ရေးအတွက် မီးလိုင်းများ တပ်ဆင်ခြင်း၊ အောက်ဆီဂျင်စက်ပစ္စည်းများ တပ်ဆင်ခြင်းကို ပညာရှင်များက သွယ်တန်းတပ်ဆင်ခြင်း စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မြိတ်မြို့ရှိ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် အောက်ဆီဂျင်စက်သည် မကြာမီရက်ပိုင်းအတွင်း ထပ်မံရောက်ရှိလာမည်ဖြစ်၍ အဆိုပါ စက်တပ်ဆင်မည့် ကလွင်ကျေးရွာ ဘုတ်ချောင်းရှိ အောက်ဆီဂျင်စက်ရုံတွင် တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် အောက်ဆီဂျင်စက်သည် တစ်နေ့လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး အလုံး ၁၈၀ မှ ၂၀၀ ခန့် ထွက်ရှိမည်ဖြစ်ပြီး အလှူရှင်များ လှူဒါန်းထားသည့် အောက်ဆီဂျင်စက်သည် အောက်ဆီဂျင်အိုး အလုံး ၁၀၀ မှ ၁၂၀ ခန့် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)



## ဒေးဒရဲမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

ဒေးဒရဲ ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိတောင်သူများအား ၂၀၂၁ ခုနှစ်အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်ပိုင်းမှစတင်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက ထုတ်ချေးပေးလျက်ရှိသည်။

ဒေးဒရဲမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၂ အုပ်စုရှိ လယ်မြေဧက ၇၆၈၅၉ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၁၀၁၄၈၀၀၀ ကို ထုတ်ချေးပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး ယမန်နေ့အထိ လယ်မြေဧက ၃၄၉၃ ဧကအတွက် ငွေကျပ် ၅၂၃၉၅၀၀၀၀ ကို ထုတ်ချေးပြီးကြောင်း၊ ကျန်ရှိသည့် လယ်မြေဧကများအတွက် ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

အေဇာလင်း(ပြန်/ဆက်)

## ပြည်မြို့နယ်၌ အခြေခံအိမ်ထောင်စုများအား ဆန်များ ဈေးနှုန်းချိုသာစွာ ရောင်းချ

ပြည် ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ပြည်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဩဂုတ် ၂၄ ရက်မှစတင်ကာ ပြည်မြို့နယ်အတွင်းရှိ အခြေခံအိမ်ထောင်စုများ ကိုဗစ်-၁၉ ရောဂါကာလအတွင်း စားဝတ်နေရေးအတွက် အခက်အခဲမရှိစေရန်၊ ကုန်ဈေးနှုန်းကြီးမြင့်မှု မရှိစေရန်အတွက် သတ်မှတ်ဆန်ဆိုင် ငါးဆိုင်မှ ဆန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ပြည်မြို့အဝင် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် ရာနှုန်းပြည့်တည်ဆောက်ပြီး၍ စစ်ဆေးမှုများစတင်ဆောင်ရွက်

ပြည် ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အဝင် တီတွတ်ကျေးရွာအနီး ပြည်-အောင်လံ ကားလမ်းမဘေး၌ ဇူလိုင်လ ပထမပတ်က စတင်တည်ဆောက်ခဲ့သော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စစ်ဆေးရေးဂိတ်ကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်၍ မကွေးတိုင်းဒေသကြီးဘက်မှ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းသို့ ဝင်ရောက်လာသော ယာဉ်အမျိုးမျိုးမှ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စစ်ဆေးမှုများကို ဩဂုတ် ၂၄ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ယင်းဂိတ်၌ စစ်ဆေးရေးဆောင်ရွက်နေမှုများကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် မြတ်ကိုနှင့် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်တို့က တာဝန်ရှိသူများနှင့် အတူ ကွင်းဆင်းကြည့်ရှုပြီး စစ်ဆေးရေး ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လိုအပ်သည့်အချက်များကို တာဝန်ရှိသူများအား မှာကြားသည်။



ဆောက်လုပ်ပြီးစီးပြီဖြစ်သော ကျန်းမာရေးစစ်ဆေးရေးဂိတ် အဆောက်အအုံ။

အဆိုပါစစ်ဆေးရေးဂိတ်တွင် ဒေသအသီးသီးမှ ပြည်မြို့နယ်သို့ ဝင်ရောက်လာသူများအား သတ်မှတ်ထားသော ကျန်းမာရေးဆိုင်ရာ ခရီးသွားထောက်ခံချက် ပါ မပါ စစ်ဆေးပြီး ၎င်းတို့၏ နေရပ်လိပ်စာ၊ သွားရောက်လိုသည့် နေရာဒေသနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို စာရင်းမှတ်ယူကာ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ Test-Kit ဖြင့် စမ်းသပ်စစ်ဆေးပြီး ရောဂါပိုးတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုခံယူနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ထိုသို့စစ်ဆေးခြင်းကို ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ နေ့စဉ် နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကိုဆက်

## သတင်းတိုများ

### လဟယ်မြို့ မြင့်မိုရ်ဦးစေတီတော်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

လဟယ် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ဂန္ဓမာလကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသော မြင့်မိုရ်ဦးရွှေတိဂုံစေတီတော်နှင့် ပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဩဂုတ် ၂၆ ရက်က ဆောင်ရွက်ကြကြောင်း သိရသည်။ ပါမင်းလိုင်(လဟယ်)

### သဲကုန်းမြို့နယ်၌ ဈေးကားဖြင့် ဆန်များလှည့်လည်ရောင်းချ

သဲကုန်း ဩဂုတ် ၂၆

ကိုဗစ်-၁၉ ရောဂါကာလအတွင်း သဲကုန်းမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများ စားသောက်ရေးအခက်အခဲမရှိစေရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၂၄ ရက်မှစ၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်စီကို ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။ မြို့နယ်(ပြန်/ဆက်)

### လှိုင်းဘွဲ့မြို့ ဘုန်းတော်ကြီးကျောင်းများ၌ ပိုးသတ်ဆေးဖျန်း

လှိုင်းဘွဲ့ ဩဂုတ် ၂၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကလိုရင်းပိုးသတ်ဆေးရည်များကို ဘားအံမြို့ရှိ Fighting ပိုးသတ်ဆေးဖျန်းအဖွဲ့က ဩဂုတ် ၂၅ ရက်က လိုက်လံပက်ဖျန်းပေးသည်။ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆေးဖျန်းသည့် လုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပိုးသတ်ဆေးများကို လှိုင်းဘွဲ့မြို့ အောင်မြင်သာယာဘုန်းတော်ကြီးကျောင်း၊ မြို့မ ဘုန်းတော်ကြီးကျောင်း၊ တောရကျောင်းနှင့် တောင်သုံးလုံးကျောင်းတို့တွင် ဖျန်းပေးခြင်းဖြစ်သည်။ မြို့နယ်(ပြန်/ဆက်)

### စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

ကျောက်တံခါး ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းမှ ကိုဗစ်-၁၉ လူနာများကို ကူညီပေးခဲ့သော စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၂၆ ရက်က ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စေတနာ့ဝန်ထမ်း ရှစ်ဦးအား တိုင်းဒေသကြီးအစိုးရမှပေးအပ်သည့် ထောက်ပံ့ငွေကျပ်တစ်သိန်းစီကို ပေးအပ်ခဲ့သည်။ ခင်ကို(ကျောက်တံခါး)

## ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ နေ့စဉ် အခမဲ့စစ်ဆေးပေးမည်

ကျောက်မဲ ဩဂုတ် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်းမှ ကိုဗစ်-၁၉ ရောဂါ သံသယရှိသည့် မည်သူ့ကိုမဆို ကိုဗစ်ပိုး ရှိမရှိ Test kit ဖြင့် အခမဲ့ စစ်ဆေးပေးခြင်းကို ခရိုင်ပြည်သူ့ဆေးရုံရှိ မျက်စိကုသဆောင်ရှေ့၌ ဩဂုတ် ၂၅ ရက်မှစတင်၍ နေ့စဉ် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံ၌ ယခင်က အရေးပေါ်လူနာများအား နေ့စဉ် စစ်ဆေးပေးခဲ့ပြီး ဖျားနာသူများ၊ ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာရှိသူများနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများနှင့် ထိတွေ့ဆက်စပ်သူများကိုမူ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာ သုံးရက်တွင်သာ ရုံးချိန်အတွင်း ပုံမှန်စစ်ဆေးပေးခဲ့သည်။ ယခုအခါ ပြည်သူများ ပိုမိုအဆင်ပြေစေရန် ရည်ရွယ်လျက် ဩဂုတ် ၂၅ ရက်မှ စတင်ကာ ကိုဗစ်-၁၉ သံသယရှိသူ မည်သူ့ကိုမဆို နေ့စဉ် အခမဲ့ စစ်ဆေးပေးသွားရန် ဆောင်ရွက်ခြင်းဖြစ်ပြီး




ကိုဗစ်-၁၉ အခမဲ့ စစ်ဆေးပေးသည့်နေရာမှ ကျန်းမာရေးဝန်ထမ်းများ။

ထိုသို့ တိုးမြှင့်စစ်ဆေးပေးမည့် အခြေအနေကို ပြည်သူများသိရှိစေရန် မြို့တွင်း၌ အသံချဲ့စက်ဖြင့် လှည့်လည်ဆော်ဩ အသိပေးခြင်းများကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

ကျောက်မဲမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ တတိယအကြော့ ဖြစ်ပွားနေသည့်ကာလအတွင်း ယနေ့အထိ ပိုးတွေ့အတည်ပြုလူနာ ၇၃၆ ဦးနှင့် သေဆုံးသူ ၄၇ ဦးရှိပြီဖြစ်ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မိုင်းထွန်း(ပြန်/ဆက်)

## နန်းယွန်းမြို့နယ်မှ ကျေးရွာ ၁၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

နန်းယွန်း ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နန်းယွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဧပြီလ ဒုတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေများနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၃ ဒသမ ၆၇ သန်းဖြင့် နန်းယွန်းမြို့နယ်အတွင်းရှိ လောက်လိုင်၊ ဝပ်ကကျောက်ခေါ်၊ ထဟော-၂၊ ကြူယန်းဆာရွတ်၊ ရှန်ဟဲလန်းပန်း၊ ကဲဆန်နုတ်ညို၊ လွန်နူး၊ ချောင်းဆုံ၊ နောင်ကုလု၊ ဟဟောင်၊ ရန်နော‌နုတ်ညို ကျေးရွာများတွင် ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း လေးခု၊ ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း နှစ်ခု၊ မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း သုံးခု၊ ရေပေးရေးလုပ်ငန်းနှစ်ခု စုစုပေါင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ၁၁ ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုနှင့် ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နန်းယွန်းမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးရွာစုစုပေါင်း ၃၉ ရွာတွင် ဆောင်ရွက်ထားပြီးဖြစ်ကာ ကျေးရွာ၏ လိုအပ်ချက်များဖြစ်သော ကျေးရွာတွင်းမြေသားလမ်းဖောက်လုပ်ခြင်း တစ်ခု၊ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း ၁၄ ခု၊ မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း ကိုးခု၊ ပညာရေးဝန်ထမ်းအိမ်ရာ ခုနစ်ခုနှင့် ရေပေးရေးလုပ်ငန်း ရှစ်ခု၊ စုစုပေါင်း လုပ်ငန်း ၃၉ ခုကို ပြည်သူလူထု၏ သဘောဆန္ဒဖြင့် ရွေးချယ်၍ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးရာဇ္ဇေထံမှ သိရသည်။

စိုးမိုးကျော်

# မိတ္ထီလာမြို့ ချမ်းအေးသာယာရပ်ကွက်နှင့် ခါးကော့ကျေးရွာသို့ ဆက်သွယ်သွားလာသည့် နတ်စင်ချောင်းတံတား ပြန်လည်တည်ဆောက်ပြီးစီး

မိတ္ထီလာ ဩဂုတ် ၂၆

**မိတ္ထီလာမြို့ ချမ်းအေးသာယာရပ်ကွက်နှင့် ခါးကော့ကျေးရွာသို့ ဆက်သွယ်သွားလာသည့်လမ်းပေါ်ရှိ နတ်စင်ချောင်းတံတား ပြန်လည်တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။**



အဆိုပါတံတားမှာ အရှည်ပေ ၈၀၊ အကျယ် ၁၅ ပေခန့်ရှိ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထားရှိသည့် တံတားဖြစ်ပြီး ဇူလိုင် ၁၆ ရက် နံနက် ၄ နာရီက ချောင်းရေတိုက်စားသဖြင့် တစ်ပေခန့် နိမ့်ကျခဲ့ရာ လူနှင့် တိရစ္ဆာန်များ သွားလာရာတွင် အန္တရာယ်မရှိစေရန်အတွက် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာနှစ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (တံတားတည်ဆောက်ရေး) နေပြည်တော်မှ တာဝန်ယူ၍ အရှည်ပေ ၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ နှစ်လွှာတစ်ထပ်ဘေလီသံပေါင်တံတားအမျိုးအစားကို ဇူလိုင် ၂၀ ရက်မှ စတင်တည်ဆောက်ခဲ့ရာ တံတားမှာ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်သည်။

ယင်းတံတားကို ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်၊ ဂဠုံကုန်း၊ လက်ပံ၊ ခါးကော့၊ ရွာမ၊ အုတ်မြေကန်၊ အင်ကြင်းစု၊ ရှင်မြို့၊ ညောင်ပင်လျှိုကျေးရွာတို့မှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျိုင်းတုံမြို့ ပရဟိတလူငယ်များ ကိုဗစ်- ၁၉ ကာလတွင် ပြည်သူများ ခက်ခဲမှုမရှိစေရေး လိုရင်ယူ ပိုရင်လှူ အစီအစဉ် ပြုလုပ်ပေး

**ကျိုင်းတုံ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ ပရဟိတလူငယ်များမှ ကိုဗစ်-၁၉ ကာလတွင် ပြည်သူများ ခက်ခဲမှုမရှိစေရေး လိုရင်ယူ ပိုရင်လှူ အစီအစဉ်ကို ယမန်နေ့က ကျိုင်းတုံမြို့ လွယ်မွေလမ်း ပါလျံ မြို့ရိုးတံခါးအနီးတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့ အလှူရှင်များ၏ လှူဒါန်းပေးမှုဖြင့် ပရဟိတလူငယ်များက ကိုဗစ်-၁၉ ကာလတွင် ပြည်သူများ ခက်ခဲမှုမရှိစေရေးအတွက် နေအိမ်ပြင်ပသို့ ဈေးဝယ် ထွက်လာသူများအား ဟင်းသီးဟင်းရွက်များ အခမဲ့ပေးလှူခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပြီး အဆိုပါ အစီအစဉ်ကို ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။



ကျိုင်းတုံ ပရဟိတလူငယ်များသည် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ကျိုင်းတုံမြို့ စေတနာရှင် ပြည်သူများ၏ လှူဒါန်းမတည်ပေးမှုဖြင့် ကိုဗစ်-၁၉ ကာလတွင် ပြည်သူများ ခက်ခဲမှုမရှိစေရေး ပါလျံဘုန်းတော်ကြီးကျောင်းအနီး လွယ်မွေလမ်းတွင် လိုရင်ယူ၊ ပိုရင်လှူ အစီအစဉ်များကို ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မင်းဘူးမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့က ဆက်လက်ချေးပေးလျက်ရှိရာ ကျေးရွာအုပ်စုပေါင်း ၁၀ အုပ်စု၊ တောင်သူပေါင်း ၃၈၅ ဦးနှင့် စပါး ၈၇၇ ဧက၊ နှမ်းသီးနှံစိုက်ဧက ၁၆၈၉ ဧကအတွက် စုစုပေါင်း ငွေကျပ် ၃၀၁၉၅၀၀၀၀ ကို ထုတ်ချေးပြီးဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယခင်နှစ် ၂၀၂၀ မိုးချေးငွေ အကျေပေးဆပ်ပြီးသူ တောင်သူများကိုသာ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ချေးငွေများ ထုတ်ချေးပေးနေစဉ် ကာလအတွင်း လာရောက်ပေးဆပ်သူ တောင်သူများ၏ ချေးငွေများ ပေးဆပ်မှုကို လက်ခံ၍ အသစ်တစ်ဖန် ပြန်လည်ထုတ်ချေးပေးလျက်ရှိသည်။ ဘဏ်ချေးငွေများ ထုတ်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့် အညီ ထုတ်ပေးလျက်ရှိကြောင်း။

၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရန် လျာထားချက်ရှိသည်မှာ မိုးသီးနှံ စပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးရန် ကျန်ရှိနေသေးသည့် ကျေးရွာများမှ တောင်သူများကိုလည်း သတ်မှတ်ကာလအတွင်း ဆက်လက် ထုတ်ချေးပေးမည် ဖြစ်ကြောင်း မင်းဘူးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဘဏ်မန်နေဂျာ ဒေါ်ဇင်ဝင်းမာက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**



## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပင်စင်လစာများ ထုတ်ပေးလျက်ရှိ

### ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဩဂုတ်လအတွက် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာ ငွေများကို ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးထုတ်ပြန်ချက်များနှင့်အညီ ဆက်လက် ထုတ်ပေးလျက်ရှိရာ ယမန်နေ့အထိ အငြိမ်းစား ၇၀၀ ကျော်၏ ပင်စင်လစာငွေများကို အေးချမ်းစွာ ပုံမှန်ထုတ်ပေးနိုင်ကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

ကျိုက်လတ်မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် ဩဂုတ်လအတွက် ပင်စင်လစာထုတ်ယူရန် အငြိမ်းစားဝန်ထမ်းပေါင်း ၁၃၀၀ ကျော်ရှိသဖြင့် လကုန်ရက်အထိ ဘဏ်ဖွင့်ရက်များတွင် ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပင်းတယ

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်(ခွဲ)၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေထုတ်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဩဂုတ်၂၃ ရက်မှ စတင်ကာ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာ၌ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာနှင့် ဘဏ်ဝန်ထမ်းများက စနစ်တကျကူညီဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်နံနက် ၈ နာရီမှ မွန်းတည့် ၂ နာရီအထိ ထုတ်ပေးခြင်းနှင့် ပင်စင်လာရောက်ထုတ်ယူရန် အခက်အခဲရှိသည့် အငြိမ်းစားဝန်ထမ်းများအား ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေကြောင်းနှင့်အခြားငွေထုတ်သူများလည်း နေ့စဉ်နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများကို ဩဂုတ် ၂၃ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်၌ အလှည့်ကျထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာ၌ ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်း ၁၀၀၀ ခန့်က ပင်စင်လစာများ လာရောက်ထုတ်ယူခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြဝတီမြို့၌ ပင်စင်လစာမထုတ်ရသေးသည့် အငြိမ်းစားဝန်ထမ်းများကိုလည်း ဩဂုတ် ၂၆ ရက်မှ ၃၁ ရက်အထိ ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

### နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စားများအတွက် ပင်စင်လစာများကို ဩဂုတ် ၂၃ ရက်မှ စတင်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဩဂုတ် ၂၃ ရက်မှ ၃၀ ရက်အထိ နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပင်စင်စားများအား နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၃ နာရီ အထိ ထုတ်ပေးလျက်ရှိပြီး ယနေ့အထိ နတ်မောက်မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်ထုတ်ယူသူ ၁၆၀၀ ခန့်ရှိကြောင်း သိရသည်။ ကျန်ရှိနေသော အငြိမ်းစားဝန်ထမ်းများကိုလည်း ဘဏ်ဖွင့်ရက်များတွင် အဆင်ပြေချောမွေ့စွာ ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်း

**ထားဝယ် ဩဂုတ် ၂၆**

အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်က ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အောက်ဆီဂျင်လုံလောက်မှုရှိစေရန် တိုင်းဒေသကြီးရှိ ခရိုင်/ မြို့နယ်များတွင် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီး၌ အောက်ဆီဂျင် အဆင်ပြေ၍ လုံလောက်နေပြီဖြစ်ကြောင်း၊ အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပြီး လှူဒါန်းကြကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအတွက် အလှူရှင်များက လှူဒါန်းငွေကျပ် ၁၀၄၈ သိန်းကို ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပုဏ္ဏားကျွန်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ပုဏ္ဏားကျွန်း ဩဂုတ် ၂၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆွမ်းဆန်တော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက စုပေါင်းလှူဒါန်းသော လှူဖွယ်ပစ္စည်းများကို ယမန်နေ့က ပုဏ္ဏားကျွန်းမြို့ မြို့မပရိယတ္တိစာသင်တိုက်တော်ကြီး ကျောင်းသို့ ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ကျောင်းထိုင်ဆရာတော်ကြီးထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်များနှင့် စေတနာရှင်ပြည်သူများက မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ မြို့မပရိယတ္တိစာသင်တိုက်၊ ကျောင်းထိုင်ဆရာတော်ကြီးထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ဝါဆိုသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ သီတင်းသုံး နေထိုင်လျက်ရှိတော်မူသော ဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်း၊ သီလရှင်ကျောင်းနှစ်ကျောင်း၊ စုစုပေါင်း ၄၃ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်အပါး ၂၁၀ တို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးဆန် အိတ် ၁၀၀ နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ထည့်ဝင်လှူဒါန်းထားသည့် ဆီ၊ ကြက်ဥ၊ ဆား၊ ဆေး၊ ပဲ စသည့် လှူဖွယ်ပစ္စည်းများကို သွားရောက်ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**နီထွန်းအောင်**
**(ပြန်/ဆက်)**

## ကော့မှူး၌ ဒေသခံပြည်သူများအား ဆန်နှင့် ဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ကော့မှူး ဩဂုတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းတို့ပူးပေါင်း၍ ယနေ့နံနက်မှစတင်၍ မြို့သစ်ရပ်ကွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့တွင် ဒေသခံပြည်သူများအား ဆန်နှင့်ဆီများကို ဈေးနှုန်းသက်သာစွာဖြင့် လာရောက်ရောင်းချပေးကြောင်း သိရသည်။



ထိုသို့ရောင်းချရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် ကျန်းမာရေး စည်းကမ်းချက်များနှင့်အညီ ဈေးဝယ်ယူနိုင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြောင်း သိရသည်။

ယင်းသို့ရောင်းချရာတွင် ဧည့်မထဆန်ငါးပြည်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဆန်အိတ် ၁၀၀ကို လည်းကောင်း၊ ပေါ်ဆန်းဆန်ငါးပြည်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀ ဖြင့် ဆန်အိတ် ၁၃၆ အိတ်ကိုလည်းကောင်း၊ ဆီ ၅၀ သား တစ်ဘူးလျှင် ငွေကျပ် ၁၈၅၀ နှုန်းဖြင့် ဘူး ၃၀၀ တို့ကို လည်းကောင်း ရောင်းချပေးကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

## ရွှေပြည်တန်အမြန်ရေယာဉ် မြောက်ဦးမြို့မှ စစ်တွေမြို့သို့ ပုံမှန်ပြန်လည်ပြေးဆွဲ

**မြောက်ဦး ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ခေတ္တရပ်နားထားသည့် ပုဂ္ဂလိကပိုင် ရွှေပြည်တန်အမြန်ရေယာဉ်သည် ယမန်နေ့နံနက် ၇ နာရီက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပုံမှန်ပြန်လည်စတင် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



ထို့နောက်ကိုဗစ်-၁၉ ကူးစက်မှုကြောင့် မြောက်ဦး- စစ်တွေသို့ ပြေးဆွဲပေးနေသော ရွှေပြည်တန် အမြန်ရေယာဉ်ကို ခေတ္တရပ်နားထားရာမှ ယခုအခါ ရခိုင်ပြည်နယ်အတွင်း ရောဂါကူးစက်ပျံ့နှံ့ကူးစက်ဖြစ်ပွားမှု လျော့နည်းလာပြီဖြစ်၍ မြို့နယ်အတွင်းရှိ ခရီးသွား ပြည်သူများ စိတ်အေးချမ်းစွာ သွားလာနိုင်ရန်အတွက် ရွှေပြည်တန် အမြန်ရေယာဉ်ကို ပုံမှန်စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

## ကံမမြို့၌ ရပ်ကွက်၊ ကျေးရွာများသို့ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကံမ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုလျော့ကျစေရေးအတွက် ဩဂုတ် ၂၅ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုများသို့ လက်ဝယ်အရောက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးပြီး စနစ်တကျတပ်ဆင်ကြရန် ပညာပေးစည်းရုံးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက အဖွဲ့လေးဖွဲ့ခွဲ၍ မြို့နယ်အတွင်း ရပ်ကွက်လေးခုနှင့် ကျေးရွာပေါင်း ၁၅၄ ရွာမှ အိမ်ထောင်စုများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့သည့် နှာခေါင်းစည်းဘူး ၂၁၅၀ အား အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**



နှာခေါင်းစည်းများအား ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်စဉ်။

## မိုးနဲမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုဆောင်ရွက်

**မိုးနဲ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးနီဝင်းနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထက်၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ပြည်ထောင်စုလမ်းမတစ်လျှောက်နှင့် မြို့ပေါ်ငါးရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့များဖြင့် အသိပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ လှည့်လည်ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ထောက်ပံ့လှူဒါန်း



အမ်း ဩဂုတ် ၂၆

ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ အမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၀ အား မြို့နယ်ပြည်သူ့ဆေးရုံသို့ ယမန်နေ့က ထောက်ပံ့လှူဒါန်းသည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၀ အား တပ်မတော်ယာဉ်တန်းဖြင့် တင်ဆောင်၍ ပို့ဆောင်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးမင်းသန့်က မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်မိုးနှင့် သူနာပြုဆရာမများထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

စိုးမင်းထွန်း (ပြန်/ဆက်)

# သရက်မြို့၌ နှာခေါင်းစည်းတပ်ဆင်ရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျေးရွာများသို့ ကွင်းဆင်း၍ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ

သရက် ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နှာခေါင်းစည်းတပ်ဆင်ရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ နှာခေါင်းစည်းများ ဖြန့်ဝေပေးမည်ဖြစ်ရာ ယမန်နေ့က အင်းမငယ်၊ ပေါက်ပင်၊ ကျောက်အိုး၊ ရေဖြူ၊ စမ်းအိုင့်နှင့် ထုံးတောင်ကျေးရွာ အုပ်စုများရှိ အိမ်ထောင်စုများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးသည်။

သရက်မြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ သိသိသာသာ လျော့နည်းလာမှု မရှိသည့်အတွက် ပိုးတွေ့မှုနှုန်း လျှော့ချ ကာကွယ်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့က နှာခေါင်းစည်း ဘူး ၂၇၃၀ ကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများမှတစ်ဆင့် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများ လက်ဝယ်အရောက် ဖြန့်ဝေပေးသည်။

သရက်မြို့နယ်တွင် ကျေးရွာ ၅၃ အုပ်စု၌ ကျေးရွာ ၁၅၃ ရွာရှိပြီး ကိုဗစ်-၁၉ ရောဂါ ပိုးကူးစက်မှုနှုန်း လျော့နည်းလာသော်လည်း ကူးစက်မှုများ ရှိနေဆဲဖြစ်သည့်အတွက် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဗိုလ်မှူး မင်းမင်းခိုင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်မှူး ယာယီရဲမှူး ဌေးဝင်း၊ မီးသတ်ဦးစီးမှူး ဦးနိုင်ဇော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နှာခေါင်းစည်းတပ်ဆင်ရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် နှာခေါင်းစည်းများကို အိမ်ထောင်စုဝင်များ လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။ **ဇော်ဝမ်းထွန်း(အောင်လံ)**



## ရွှေသွေးဂျာနယ်ထွက်ရှိ




နေပြည်တော် ဩဂုတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ် ၂၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လောဘကြီးပါက ဒုက္ခရောက်တတ်ပုံကို ပညာပေးတင်ဆက်ထားသည့် "ထူးတဲ့ရွှေညောင်ပင်" မျက်နှာဖုံးဇာတ်လမ်း၊ လူ့ခန္ဓာကိုယ်ရှိ ဆဲလ်တို့၏ တည်ဆောက်ပုံကို တင်ဆက်ထားသည့် "လူ့ခန္ဓာကိုယ် တည်ဆောက်ပုံ" သုတဆောင်းပါး၊ လူတို့သည် မိမိတို့၏ စိတ်ဆန္ဒအတိုင်း ဆောင်ရွက်တတ်ကြပုံကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ငါးပိချက်ကြိုက်သူ" နှစ်မျက်နှာကာတွန်း၊ နေရာဒေသသစ်တစ်ခုကို ပြောင်းရွှေ့သွားလာပါက ထိုဒေသ၏ အယူအဆများနှင့် လိုက်လျောညီထွေဖြစ်စေရန် နေထိုင်သင့်ကြောင်းကို ပညာပေးတင်ဆက်ထားသည့် "မကောင်းစိတ်" ပုံပြင်၊ လောက၌ အရေးကြီးဆုံးအရာမှာ ထမင်းချက်ပေးသော မေမေနှင့် မုန့်ဖိုးပေးသော ဖေဖေသာဖြစ်ကြောင်း ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "အရေးကြီးဆုံးက ဖေဖေနဲ့ မေမေ" တစ်မျက်နှာကာတွန်း၊ အချင်းချင်းသွေးကွဲနေသော ရွာသားများကို တစ်နှင့်တစ်ဦး စည်းလုံးညီညွတ်မှုမပျက်ပြားဘဲ ဆောင်ရွက်ရန်ရှိသည်များကို ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြရန် ဆုံးမခဲ့သည့် ဆရာတော်၏ မိန့်ကြားချက်ကို ပညာပေးတင်ဆက်ထားသည့် "ပုရွက်ဆိတ်ကလေးများရဲ့သင်ခန်းစာ" ဝတ္ထု၊ စပ်စုတတ်သောကြောင့် မိမိရရှိမည့် အခွင့်အရေးများ ဆုံးရှုံးရပုံနှင့် ဒုက္ခတွေ့ရပုံအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "ရွှေပိုးပါဝင်သော ကိုစပ်စု" နှစ်မျက်နှာကာတွန်း၊ Possessive Pronoun များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ ဆက်လက်တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ကလေးတို့ ပေးပို့သောလက်ရာများကို ဖော်ပြပေးထားသည့် ကလေးလက်ရာကဏ္ဍများ အပါအဝင် ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

# မြောင်မြို့၌ ပြည်သူများအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေ

မြောင် ဩဂုတ် ၂၆

စစ်ကိုင်းခရိုင် မြောင်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ပြည်သူများအား နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေမှုနှင့် အသိပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းက မြို့မဈေးနှင့် မြောင်- ပရိမ္မ ကားလမ်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ထွန်း ဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအသင်းအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက ပြည်သူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေမှု ပြုလုပ်ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# ဗန်းမောက်မြို့၌ အထပ်မြင့်မီးငြိမ်းသတ်ခြင်းလုပ်ငန်း သရုပ်ပြလေ့ကျင့်ဆောင်ရွက်

ဗန်းမောက် ဩဂုတ် ၂၆


စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ လေးထပ်ဆောင်တွင် ယနေ့နံနက်ပိုင်းက မြို့နယ်သန္ဓေမီးသတ်မှ အထပ်မြင့်မီးငြိမ်းသတ်ခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဗန်းမောက်မြို့နယ် သန္ဓေမီးသတ်စခန်းမှ မြို့နယ်ဦးစီးမှူး ဦးခူးပိုလီကပ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် ဆေးရုံဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်သို့ သွားရောက်ကာ အထပ်မြင့်မီးငြိမ်းသတ်နည်းနှင့် အထပ်မြင့်တွင် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ခဲ့ပါက အထပ်မြင့်၌ နေထိုင်ကြသော ဝန်ထမ်းများနှင့် ပြည်သူများအား အရေးပေါ် ကူညီကယ်ဆယ်ပေးရမည့် နည်းလမ်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

လှိုင်ဘွား (ဗန်းမောက်)



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ပြီး PDF အဖွဲ့များထံ ငွေကြေး၊ ရိက္ခာနှင့် လက်နက်ခဲယမ်းထောက်ပံ့ပေးသူများအား ဖောက်ခွဲရေးပစ္စည်းများ၊ ရိက္ခာပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် ဩဂုတ် ၂၆**

အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် တရားရုံးလမ်းရှိနေအိမ်သို့ လုံခြုံရေး ပူးပေါင်းအဖွဲ့ဖြင့် သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ခင်မြတ်သူ (NLD ပါတီ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) အပါအဝင် ထိန်ဝင်း၊ အေးမင်းစိုး၊ အေးသူဇာ၊ ဇော်လင်းတို့ ငါးဦးကို ဆန်၊ ရိက္ခာပစ္စည်း ၁၃ မျိုး၊ ဆေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သူ ထိန်ဝင်း၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၂ ရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ်(၃၃၀/ခ) တိုက်ခန်းသို့ သွားရောက်ရှာဖွေခဲ့ရာ လက်လုပ်အသံမိုင်း ၃၅ လုံး၊ လက်လုပ်မီးခိုးမိုင်း ၂၈ လုံး၊ လက်လုပ်ယမ်းလုံး (အသေး) တစ်ထုပ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော အခြား ဆက်စပ်ပစ္စည်းများ၊ လက်ပံတန်း ဂျီတီအိုင်ကျောင်းသားများ သပိတ်စစ်ကြောင်း စာသားပါ ဗီနိုင်းတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဆက်စပ်သူများ ဖြစ်သည့် စံပယ် (မင်္ဂလာဒုံ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့၊ ဆေးဘက်ဆိုင်ရာ တာဝန်ခံ) ကို ဩဂုတ် ၂၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် မဥ္ဇူသကလမ်း အမှတ်(၁၂၇)၌ လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် ထွန်းထွန်းကို ထောက်ကြန့်မြို့ လမ်းဆုံရပ်ကွက် ပြည်လမ်း အမှတ်(၅၃)၌ လည်းကောင်း၊ ဥမ္မာခင်ကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၀)ရပ်ကွက် ထွန်းသီရိ (၁)လမ်း အမှတ် (၅၂၄/က) ၌ လည်းကောင်း၊ အေးငြိမ်းမိုးနှင့် အောင်သူထက် တို့ကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၈) ရပ်ကွက် ခိုင်ရွှေဝါလမ်း အမှတ် (၃၂၆)တွင် လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် ခင်စန္ဒာဝင်း (နိုင်ငံလင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီးဟောင်း၏ ဇနီး)ကို အင်းစိန်မြို့နယ် ရွာမ အရှေ့ရပ်ကွက် လှိုင်မြစ်လမ်းရှိ ဗဟိုအကျဉ်းထောင် (အင်းစိန်) အနီးတွင်လည်းကောင်း ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ခင်မြတ်သူ (NLD ပါတီ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း) သည် ဖြူဖြူသင်း(CRPH အဖွဲ့ဝင်၊ ၂၀၁၅ ခုနှစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၏စေခိုင်းချက်အရ NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအများစုဖြင့် ဖွဲ့စည်းထားသော CDM Supporting အဖွဲ့တွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအဖြစ် ပါဝင်ခဲ့ကြောင်း၊ CDM ဝန်ထမ်းများ၏ အချက်အလက်များအား နီနီမေမြင့် (NLD ပါတီပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)မှတစ်ဆင့် ဖြူဖြူသင်းထံ ပေးပို့ခဲ့သဖြင့် မတ်လတွင် CDM ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀၊ နေ့စားဝန်ထမ်း တစ်ဦးလျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့် ဝန်ထမ်း ၄၀၀ အတွက် လည်းကောင်း၊ မေလမှစတင်၍ တစ်ဦးလျှင် ၅၀၀၀၀ ကျပ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်း ၁၀၀၀ အတွက် ထောက်ပံ့ပေးခဲ့ကြောင်း၊ ၎င်းငွေများအား ဖြူဖြူသင်းမှ ပေးပို့ခြင်းဖြစ်ကြောင်း။

ထို့ပြင် ဖြူဖြူသင်း က PDF များအတွက် ထောက်ပံ့ရန် ဖြူဖြူခိုင် (နှင်းဆီအပ်ချုပ်ဆိုင်၊ မုဒိတာအိမ်ရာ၊ သမိုင်း) အား ငွေကျပ် ၁၅၀၀၀၀၀၊ ခင်စိုးစိုးကြည်(NLD ပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)က ကျော့မေအောင်ထံ ငွေကျပ် ၃၀၀၀၀၀ ကိုထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူ ထိန်ဝင်း (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးအဖွဲ့ဝင်ဟောင်း) သည် ဝေဖြိုးဟန် (ရန်ကုန်တိုင်းဒေသကြီး PDF တာဝန်ခံ၊ NLD ပါတီ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း) က မင်္ဂလာဒုံမြို့နယ်၊ပြည်သူ့ကာကွယ်ရေးအဖွဲ့အား ဖွဲ့စည်းရန် တာဝန်ပေးသဖြင့် မင်္ဂလာဒုံ ပြည်သူ့ကာကွယ်ရေးအဖွဲ့ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ တိုက်ကြီး၊ လှည်းကူး၊ သန်လျင်မြို့တို့တွင် PDF သင်တန်းများ ဖွင့်လှစ်ခဲ့သော ညီညီမင်းနှင့် မင်းမင်း(ခ)ဘစိုင်းတို့ထံ လက်နက်ဝယ်ယူရန်နှင့် PDF များအတွက် ငွေကျပ် ၆၅၀၀၀၀၀ ကို ထောက်ပံ့ခဲ့ကြောင်း၊ တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက် တရားရုံးလမ်းရှိ နေအိမ်တွင် PDF သင်တန်းများဖွင့်လှစ်ရန် ပြင်ဆင်ခဲ့ကြောင်း။

ဖမ်းဆီးရမိသူ အေးမင်းစိုး (မင်္ဂလာဒုံမြို့နယ်၊ PDF ရိက္ခာတာဝန်ခံ၊ မင်္ဂလာဒုံမြို့နယ်၊ NLD အလုပ်အမှုဆောင် အဖွဲ့ဝင်ဟောင်း) သည် ဝေဖြိုးဟန် (ရန်ကုန်တိုင်းဒေသကြီး PDF တာဝန်ခံ၊ NLD ပါတီ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၏ စေခိုင်းမှုအရ PDF များအတွက် ရိက္ခာတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ မတ်လခန့်မှ စတင်၍ ခင်စန္ဒာဝင်း (နိုင်ငံလင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီးဟောင်း၏ ဇနီး)က လစဉ် ဆန်နှင့် ဆီများအား PDF အဖွဲ့များအတွက် ထောက်ပံ့ပေးခဲ့ကြောင်း၊ ညီညီမင်း၏ စေခိုင်းမှုကြောင့် သန်လျင်၊ လှည်းကူး၊ တိုက်ကြီးမြို့တို့ရှိ PDF သင်တန်းများသို့ ရိက္ခာပစ္စည်းများ ပေးပို့ခဲ့ကြောင်း၊ တရားခံ ထွန်းထွန်းသည်လည်း KNU နယ်မြေတွင် ရောက်ရှိနေသော PDF များအတွက် ငွေကျပ် ၁၀၃၀၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ NUG နှင့် ဆက်သွယ်၍ CDM ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ခြင်းနှင့် PDF အဖွဲ့များထံ ငွေကြေး၊ ရိက္ခာ၊ လက်နက်ခဲယမ်း ထောက်ပံ့ခဲ့သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် အခြားဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားကြပါရန်နှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**




သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ်(၃၃၀/ခ) တိုက်ခန်းမှ ဖမ်းဆီးရမိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


# ဘဝနတ်ထံပျံလွန်တော်မူ

**စစ်ကိုင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဂဏပါမောက္ခကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ (၂၅-၈-၂၀၂၁)၊ ဗုဒ္ဓဟူးနေ့၊ ညနေ(၅:၃၀)နာရီအချိန်တွင် ဘဝ နတ်ထံပျံလွန်တော်မူကြောင်းနှင့် (၃၀-၈-၂၀၂၁)ရက်၊ တနင်္လာနေ့၊ မွန်းလွဲ (၁:၀၀) နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဂဏပါမောက္ခကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဆရာတော် ဘဒ္ဒန္တပညိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် စွန်လည်ကျေးရွာ ခမည်းတော် ဦးသိုက်မောင်၊ မယ်တော် ဒေါ်စောမြိုင်တို့မှ ၁၂၉၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့တွင် စွန်လည်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနာရဒ ကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်နေ့တွင် ယင်းကျေးရွာ ရွာဦးကျောင်း ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တတိလောကနာထကို ဥပဇ္ဈာယ်ပြု၍ စွန်လည်ကျေးရွာ ဒါယကာ/ဒါယိကာမအပေါင်းတို့နှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် ၂၇ လမ်း အမှတ် ၂၇ နေ ဦးအောင်သန်း၊ ဒေါ်မြကျင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ စွန်လည်ကျေးရွာ၊ ရွာဦးကျောင်းဆရာတော်ဘဒ္ဒန္တနာရဒ၊ မုံရွာမြို့၊ မြို့မရွှေဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဓမ္မိကာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝ စသော ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဂဏပါမောက္ခကျောင်းတိုက်နှင့် မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက်တို့၌ စာသင်သား ရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ၁၃၄၁ ခုနှစ်တွင် မူလသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၃၄၂ ခုနှစ်မှ ၁၃၄၆ ခုနှစ်အထိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၃၄၇ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော် မူခဲ့ခြင်းနှင့် ၁၃၆၂ ခုနှစ်မှ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့အထိ နိုင်ငံတော် ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော် မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတဧရဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် (၂၅-၈-၂၀၂၁)၊ ဗုဒ္ဓဟူးနေ့၊ ညနေ ၅:၃၀ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၃၀-၈-၂၀၂၁ ရက်၊ တနင်္လာနေ့၊ မွန်းလွဲ ၁:၀၀ နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မှုခင်းသတင်းများ

## သဃ်္ဃန်းကျွန်း၌ ယာဉ်နှစ်စီးဆင့်တိုက်၊ ၁၃ ဦး ဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၌ ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က ယာဉ်တိုက်မှုဖြစ်ပွား၍ ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က လေးထောင့်ကန်လမ်းအတိုင်း စံပြဈေးဘက်မှ သင်္ဃန်းကျွန်းဈေးဘက်သို့ တာမွေမြို့နယ် (က)ရပ်ကွက်နေ ပြည့်ဝေစိုး (၂၀ နှစ်) မောင်းနှင်လာသည့် YGN 5G/---- YBS(75)လိုင်း မီနီဘတ်စ်မော်တော်ယာဉ်သည် BOC မှတ်တိုင်အရောက် အရှိန်မထိန်းနိုင်ဘဲ ယာဉ်ရှေ့ရှိ ဒဂုံမြောက်မြို့နယ် (၄၃)ရပ်ကွက်နေ ကိုရန်လင်းသူ(၂၉ နှစ်) မောင်းနှင်လာသော YGN 8L/---- လိုက်ထရပ်ယာဉ်ကို နောက်မှတိုက်မိပြီး ဆက်လက်၍ ယာဘက်လမ်းဘေးမှတ်တိုင်တွင် ရပ်ထားသော ဒဂုံအရှေ့မြို့နယ် (၃)ရပ်ကွက်နေ ကိုလှမင်းထွန်း (၃၈) နှစ် မောင်းနှင်သည့် YGN 5N/----YBS (62)လိုင်း မော်တော်ယာဉ်ကို ထပ်မံတိုက်မိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဒဂုံတောင်မြို့နယ် (၇၀) ရပ်ကွက်နေ ကိုဇင်ကို (၃၀ နှစ်)ပါ ၁၃ ဦးတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး ယာဉ်မောင်း ပြည့်ဝေစိုးအား သင်္ဃန်းကျွန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## သံတောင်ကြီး၌ မိုးသည်းထန်မှုကြောင့် မြေထိန်းနံရံပြိုကျ

**သံတောင်ကြီး ဩဂုတ် ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့တွင် ယမန်နေ့ညက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် သံတောင်ကြီး-သံတောင်မြို့ ဆက်သွယ်ထားသည့် လမ်းသစ်(အဆင်းလမ်း)မိုင်တိုင်အမှတ် ၂၅/၃ မိုင်ခန့်တွင် လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ထားသည့် မြေထိန်းနံရံ အလျား ပေ ၅၀ ၊ အမြင့် လေးပေပြိုကျရာ လမ်းပိတ်ဆို့မှုဖြစ်ပွားသဖြင့် မော်တော်ယာဉ်၊ ဆိုင်ကယ်များ သွားလာနိုင်ခြင်းမရှိဘဲ ခေတ္တလမ်းပိတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံပြိုကျသည့်နေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့် ဦးဆောင်၍ လမ်းဦးစီးဌာနမှ ဝန်ထမ်းများက စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**မောင်တော ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပန်းတောပြင်ကျေးရွာအုပ်စု ဘဂုံးနားချောင်းတွင် အလောင်း တစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းတောပြင်ကျေးရွာအုပ်စု ဘဂုံးနားချောင်းတွင် အလောင်းတစ်လောင်းတွေ့ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ မောင်တောမြို့နယ် ဟိန္ဒူကျေးရွာနေ ဦးနီရောင်ဇော် (၅၅ နှစ်) ဖြစ်ပြီး ဩဂုတ် ၂၂ ရက်၌ ကဏန်း/ ငါးရှာရန် နေအိမ်မှ ထွက်ခွာသွားစဉ် ပျောက်ဆုံးလျက်ရှိသူဖြစ်ကြောင်း သိရသည်။

**ဝေလ (မောင်တော)**

# မရမ်းကုန်း၊ မြောက်ဥက္ကလာပနှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ညနေ ၅ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ် (၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်းတွင် တွေ့ရှိသူ ရဲလင်း(ခ)ရဲလေးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ဂ-ရပ်ကွက် ဥက္ကာ(၇)လမ်းတွင် ဉာဏ်လင်းဦး (ခ) သားသား မောင်းနှင်ပြီး ကြည်ဇင်သာ (ခ) မောင်ကြည် လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါလမ်းရှိ တည်းခိုခန်း အခန်းအမှတ်(၂၀၆)သို့ ဝင်ရောက်ရှာဖွေရာ မနှင်းရတီချစ် (ခ) နှင်းရတီနှင့် မနန်းယွန်းသီရိ တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃၅ ပြား၊ ဘိန်းဖြူ ၀ ဒသမ ၀၀၀၁ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီတွင် ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မိုင်းသော်(အရှေ့)ကျေးရွာအုပ်စု တောင်နီကျေးရွာနေ ထက်ကို(ခ) လပွတ္တာ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်း



မနန်းယွန်းသီရိ၊ ဉာဏ်လင်းဦး(ခ)သားသား၊ ကြည်ဇင်သာ (ခ) မောင်ကြည်နှင့် မနှင်းရတီချစ်(ခ)နှင်းရတီ တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က)ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ)ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ တန်ဆောင်းဒါယိကာမကြီး

## ဒေါ်နုနုဆွေ

### ပုလောအသင်း(ရန်ကုန်) ဂုဏ်ထူးဆောင်နာယက

### ရန်မျိုးအောင်စေတီဂေါပကအဖွဲ့နာယက

### အသက် (၁၀၀)

(ဦးလှိုင်ဖူး-ဒေါ်ထွန်းရွှေ)တို့၏သမီး၊ နိုင်ငံတော်ဝန်ကြီးချုပ်အငြိမ်းစား (ဦးဗဆွေ)၏ဇနီး၊ ဦးကျော်လွင်လှ-ဒေါ်နေနွယ်ဗဆွေ၊ ဦးနေမျိုးဗဆွေ-(ဒေါ်ထိပ်တင်မူ)၊ ဒေါ်နေကြည်ဗဆွေ၊ ဦးနေထွန်းဗဆွေ၊ ဒေါ်နေရီဗဆွေ၊ (ဦးနေဗလဗဆွေ)၊ ဦးနေညွန့်ဗဆွေ- ဒေါ်အေးအေးမြင့်၊ ဦးနေဖူးဗဆွေ-ဒေါ်စန္ဒာအေး၊ နေစီဗဆွေ-ဒေါ်နီလာမြင့်၊ ဦးနေမင်းဗဆွေတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၂ ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၄-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၂:၄၀နာရီတွင် ကန်သာယာဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကိုဗစ်အချိန်ကာလဖြစ်ပါသောကြောင့် အိမ်တိုင်ရာရောက်သတင်းမေးခြင်းကို မပြုပါရန် ညှိုးငယ်သောစိတ်အားဖြင့် နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကိုထွေး

### ဥက္ကဋ္ဌ

### တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

### အသက် (၆၇)နှစ်

အနုပညာကို ချစ်ခင်မြတ်နိုးလွန်းသူတစ်ဦး ဆုံးရှုံးရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

ဗိုလ်ကလေးတင့်အောင်နှင့် မိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးသန့်ဇော်လင်း(ငြိမ်း) - ဒေါ်ဘေဘီတင်တင် တို့၏ဖခင်ကြီး အရာခံဗိုလ်စိုးသိန်း အသက်(၈၀)နှစ်သည် ၂၄-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း၊
အပတ်စဉ်(၃၈) သူငယ်ချင်း မိသားစုဝင်များ

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးစောအိုင်စင်

### ဦးစီးအရာရှိ(ငြိမ်း)

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ပြည်ထဲရေး)

### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၄)၊ ရွှေမောင်အိုလမ်းသွယ်နေ (ဦးစောစံစီ-နော်မာရီနာ)တို့၏သားကြီး၊ (ဦးစောရွှေဂေး)-နော်ရှဲဝေတို့၏သားသမက်၊ ဒေါက်တာစောအယ်သော-နန့်ယဉ်မွန်ကျော်၊ စောအယ်ရီး-နော်ဟယ်လင်တို့၏ဖခင်၊ နော်သောဝါး၏ချစ်လှစွာသောခင်ပွန်း၊ မြေး(၅)ယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၀၀:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ တန်ဆောင်းဒါယိကာမကြီး

## ဒေါ်နုနုဆွေ

### ပုလောအသင်း(ရန်ကုန်) ဂုဏ်ထူးဆောင်နာယက

### ရန်မျိုးအောင်စေတီဂေါပကအဖွဲ့နာယက

### အသက် (၁၀၀)

(ဦးလှိုင်ဖူး-ဒေါ်ထွန်းရွှေ)တို့၏သမီး၊ နိုင်ငံတော်ဝန်ကြီးချုပ်အငြိမ်းစား (ဦးဗဆွေ)၏ဇနီး၊ သားသမီး (၁၀)ယောက်တို့၏မိခင်၊ ဦးသားသားလှ၊ ဦးနေမျိုးဦး-ဒေါ်ရွှေစင်ထွန်း၊ ဦးစိုင်းဖောင်ခမ်း-ဒေါ်မာလာဆွေ၊ Mr.Andrew Annett-ဒေါ်စန္ဒာလှ၊ ဦးစိုးစိုးလှ-Mrs.Jennifer Hla ၊ ဦးဇာနည်ဆွေ-ဒေါ်အေးသူသူအောင်၊ ဦးဝင်းမောက်၊ ဦးလင်းထက်ဆွေ၊ ဒေါ်ဗွဲ၊ ဦးဝိစာရိန္ဒမထေရ်၊ ကိုနေဆန်းလင်း၊ မသီရိဗဆွေတို့၏ချစ်လှစွာသောအဘွား၊ မောင်အောင်နေမျိုး၊ မောင်သီဟနေမျိုးထွန်း၊ မ Sophia Hla၊ မအမရာခေတ်၊ မောင် Daniel Hla တို့၏ အဘွားသည် ၂၄-၈-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၂:၄၀နာရီတွင် ကန်သာယာဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကိုဗစ်အချိန်ကာလဖြစ်ပါသောကြောင့် အိမ်တိုင်ရာရောက်သတင်းမေးခြင်းကို မပြုပါရန် ညှိုးငယ်သောစိတ်အားဖြင့် နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အလုပ်သမားဝန်ကြီးဌာန

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် ခေတ်ခွဲစမ်းသပ်မှု ဝန်ဆောင်မှုလုပ်ငန်းကို ၂၄ နာရီ ခေတ်ခွဲခန်းဖွင့်လှစ်၍ လုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၇-၈-၂၀၂၁ ရက်မှ ၃၁-၈-၂၀၂၁ ရက်ထိ |
| (ခ) | **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်၊ အချိန်** | - | ၂၇-၉-၂၀၂၁ ရက် (၁၆:၀၀)နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-ဥ/၇၇ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက် ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ www.moi.gov.mm Website တွင် လေ့လာနိုင်ပြီး ဖုန်း-၀၆၇၃-၄၁၇၉၁၆၊ ၀၆၇၃-၄၁၇၉၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာန တင်ဒါကော်မတီ**

---

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်ကွမ်းမိန် ၁/ဖမန(နိုင်)၀၉၀၄၆၁ ၏ မိဘအမည်မှန်မှာ ဦးအိုက်ဖ-ဒေါ်မဆာရင် (ခ) ဒေါ်ဆာရင် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်ရဲသူအောင် ၅/ကဘလ(နိုင်)၂၂၁၃၃၂ ၏ မိဘအမည်မှန်မှာ ဦးဝင်းမြင့်-ဒေါ်ဖြူသင်း(ခ)ဒေါ်ခင်ဝင်းရီ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ အောင်မြင့်မိုရ်လမ်း၊ မြေကွက်အမှတ်(၂၂၉၈)၊ မြေအမည်ပေါက်ဒေါ်ရင်ကြည်(ပါမစ်မြေ)၊ အကျယ်အဝန်း(အလျားပေ ၄၀ x အနံပေ ၆၀)နှင့် မြေကွက်အမှတ်(၂၂၉၉)၊ မြေအမည်ပေါက် ဦးစောဝင်းထွန်း(ပါမစ်မြေ)၊ အကျယ်အဝန်း(အလျား ပေ ၄၀x အနံပေ ၆၀)မြေကွက်တို့အား ဝယ်ယူပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဆိုလာသူ ဒေါ်ညွန့်ညွန့်စိန် ၁၂/ဒဂတ(နိုင်)၁၄၁၅၅၆ ထံမှ ၎င်းမြေကွက်(၂)ကွက်တွဲအား အပြီးအပိုင်ဝယ်ယူရန် သတ်မှတ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ ဤသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ထားထားဦး**
**၁၂/ခရန(နိုင်)၀၉၆၅၅၉**
**အမှတ်(၉၂)၊ ဂန္ဓာမာလမ်း၊**
**(၂၃/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၅၀၅၈၁၀၉၊ ၀၉-၇၈၅၅၀၅၈၁၀၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၆-လမ်း၊ တိုက်အမှတ်(၆၄၀)၊ (၅)ထပ်အဆောက်အအုံ၊ (၁)ခန်းတွဲတိုက်၏ မြေညီတိုက်ခန်းကို ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လှစိန် ၁၂/တမန(နိုင်)၁၃၈၂၂၃က ပိုင်ဆိုင်ပြီး ယခုအခါ ဦးမျိုးအောင် ၁၂/လမန(နိုင်)၁၅၁၃၁၅ကို ပြန်လည်ရောင်းချလိုပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို လက်ခံပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နေမျိုးဇာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၈၂၇)**
**ဖုန်း-၀၉-၉၇၆၂၉၁၂၃၅**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂-ရွှေအိုးရပ်တောင်)၊ ဦးပိုင်အမှတ်(၁၀၁/၁၀၂)၊ ဧရိယာ ၀.၀၄၃ ဧကရှိမြေကွက်ကို ဦးခင်မောင်မြင့်အမည်ဖြင့် မြေဂရန်အသစ်ကို ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် တောင်တွင်းကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အဆောက်အဦဦးစီးဌာန

## အဆောက်အဦအထူးအဖွဲ့(၆)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## တင်ဒါအမှတ်စဉ်(၆)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် RC(၃)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်နေသော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၃၀-၈-၂၀၂၁ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | ၁၃-၉-၂၀၂၁ရက်၊ ညနေ ၄:၃၀နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - | ၁၅-၉-၂၀၂၁ရက်၊ နံနက် ၁၀နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၄၀၇၆၁၆၄၊ ၀၉-၇၉၅၃၀၀၆၉၇ တို့ကို စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## မိဘ အမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့် ရေးကျောင်းမှ မောင်သက်မင်းကို ၁၄/လပတ(နိုင်)၂၈၂၉၉၆၏ မိဘအမည် မှန်မှာ ဦးဆန်းမင်းထွန်း-ဒေါ်ထွေးထွေး (ခ)ဒေါ်မေသူထွေး ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အိမ်အမှတ်( - )ဟုခေါ်တွင်သော အကွက်အမှတ်နှင့် အမည်(၁၁/စီတာပူ)၊ ဦးပိုင်အမှတ်(၅၀/၂)၊ အလျား ၂၉၂ပေ x အနံ ၇၂ပေပေါ်ရှိ ခြံမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးမောင်ရွှေ ၉/မရမ(နိုင်)၀၂၁၉၀၉ က ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာရွှယ် ၁/ဗမန(နိုင်)၀၄၅၈၀၄ က အပြီးအပြတ်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေကွက်နှင့် သက်ဆိုင်သည့်စာချုပ်၊ စာရွက်စာတမ်း မူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ဥပဒေအရ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာလာအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၁၅)**
**အမှတ်(၁၂၃)၊ ကျွန်းပင်သာရပ်ကွက်၊**
**မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၂၃၀၀၁**

---

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်ထွေးထွေးအောင် ၁/မကတ(နိုင်)၁၆၇၃၂၆ ၏ မိဘအမည်မှန်မှာ ဦးအောင်သိန်း(ခ)ဦးစောနွဲ့အောင်သိန်း-ဒေါ်မြမြရင်(ခ)ဒေါ်စွဲပျမ်းဟွမ် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်ကျော်ထက်ဦး ၉/ပဥလ(နိုင်)၀၃၂၄၆၅ ၏မိဘအမည်မှန်မှာ ဦးစိုးနိုင်-ဒေါ်မြင့်မြင့်ခိုင်(ခ)ဒေါ်အေးအေးမာ ဖြစ်ပါကြောင်း။

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသာဝတီ(၁၇)လမ်း၊ အမှတ်-၁၁၃၇၊ ၅လွှာ၊ မျက်နှာစာ အနံ ၁၈ပေ x ရှေ့/နောက် အလျား ၅၄ ပေရှိ တိုက်ခန်းအား ဒေါ်ဖြူဖြူခိုင် ၇/ကပက(နိုင်)၀၈၂၀၇၂မှ တရားဝင်ပိုင်ဆိုင်သည်ဟု ဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွဋ်အောင် ၁၂/အစန (နိုင်)၁၈၇၆၇၈က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွဋ်အောင်ထံသို့လည်းကောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက တိုက်ခန်းအရောင်း/အဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးရဲထွဋ်အောင် | ဦးထက်အောင်မင်း(LL.B) |
| ဖုန်း-၀၉-၄၃၀၅၇၉၇၅ | အထက်တန်းရှေ့နေ(စဉ်-၄၆၄၄၉) |
| | ဖုန်း-၀၉-၅၁၇၁၈၆၇ |

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သာကေတ(၂)မြောက်ရပ်ကွက်၊ အနော်မာ ၁၉ လမ်းအရှေ့၊ အမှတ် ၄၈နေ ဦးသန်းဆောင်-ဒေါ်သန်းသန်းမြင့်တို့၏သား မောင်မင်းဇော်ထက် ၁၂/သကတ(နိုင်)၁၉၂၅၇၇ သည် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**အမိ ဒေါ်သန်းသန်းမြင့်**
**၁၂/သကတ(နိုင်)၁၉၂၅၇၇**

---

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်လွင်ထူးလှိုင် ၁၄/ပသန(နိုင်)၂၈၉၃၈၇ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၈-၅-၁၉၉၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်စောနွဲ့အောင်သိန်း ၁/ပတအ(နိုင်)၀၅၅၇၀၄၏ မိဘအမည်မှန်မှာ ဦးသိန်းမောင်(ခ)ဦးစောနွဲ့သိန်းမောင်-ဒေါ်ကောင်းဆိုင်ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်နော်ချစ်ကိုကို၏ မိဘအမည်မှန်မှာ ဦးမနော်(ခ)ဦးနော်အောင်-ဒေါ်နှင်းကြူဖြစ်ပါကြောင်း။

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်ဇင်ပိုင်စိုး၏ မိဘအမည်မှန်မှာ ဦးစိုးဝင်း-ဒေါ်ဝင်းမာစန်း(ခ)ဒေါ်ခင်မဲ ဖြစ်ပါကြောင်း။

---

## သွေးသည် အသက်

## ဝမ်းနည်းကြောင်း

ဗသက(၄၃)သူငယ်ချင်းများထဲမှ လွန်ခဲ့သော တစ်ပတ်ကျော်က ကွယ်လွန်ခဲ့သော သူငယ်ချင်း ကိုမျိုးဇော်(ယုန်လေး)နှင့် သူငယ်ချင်း ကိုခင်မောင်ညွန့်(ကိုတာ) ၂၅-၈-၂၀၂၂ နေ့က ကွယ်လွန်ကြောင်းတို့ကို ကြားသိရသည့်အတွက် ကျန်ရစ်သော မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်စိုး

RIT Civil 77th batch

Chief Engineer(Taw Win Myint Myat Thu CO.,LTD)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဘဆက်-ဒေါ်လှရွှေ)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးအောင်မြင့်-ဒေါ်ထားငွေ) တို့၏သားသမက်၊ ဒေါ်ရီရီမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန-ငြိမ်း)၏ခင်ပွန်း၊ ဦးခင်ဆိုင်-ဒေါ်စန်း၊ ဦးဆက်မြင့်-ဒေါ်ဖြူဖြူတို့၏ညီ၊ (ဦးထွေးအောင်)-ဒေါ်စန်းစန်းဝင်း၊ (ဦးကျော်ကျော်) တို့၏အစ်ကို၊ ဒေါက်တာဉာဏ်လင်းစိုး-ဒေါက်တာခိုင်သဇ္ဇာတင်၊ ကိုအောင်ထူးသက်တို့၏ဖခင်၊ မလင်းသီရိခေတ်၏အဘိုး၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေးသည် ၂၅-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

အထူးကျေးဇူးတင်ရှိခြင်း

## ဦးစိန်ဝင်း

Sein Win & Associate Audit Firm

Top Sein Win & Associate Consulting Limited

အသက်(၇၃)နှစ်

၂၇-၇-၂၀၂၂ရက် နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားသော ဦးစိန်ဝင်း နာမကျန်းဖြစ်စဉ်ကာလအတွင်း အစွမ်းကုန်ကြိုးစားကုသပေးခဲ့သော ဆရာဝန်ကြီးနှင့် သူနာပြုများအားလည်းကောင်း၊ အောက်ဆီဂျင်ခက်ခဲနေသည့် အချိန်ကာလတွင် အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသူများအားလည်းကောင်း၊ နေမကောင်းဖြစ်နေသည့်ကြားမှ ဖခင်ကြီးအား လိုအပ်သည့်ဆေးဝါး၊ အစားအသောက်၊ အောက်ဆီဂျင်တို့အား နေ့မအားညမအား ကြိုးစားဆောင်ရွက်ပြီး အားပေးစကားများပြောကြားပေးသော သားလေးအားလည်းကောင်း၊ အောက်ဆီဂျင်နှင့်ဆေးဖိုးအလှူငွေများ ပေးပို့သော မိတ်ဆွေများ၊ ကုမ္ပဏီပိုင်ရှင်များအားလည်းကောင်း၊ အစားအသောက်များပေးပို့သောရုံးမှ တပည့်များအားလည်းကောင်း၊ အဝေးမှနေ၍ နေ့စဉ်မိသားစုအားလုံးအတွက် လိုအပ်ချက်များကို ညွှန်ကြားပြောကြားပေးပြီး ဆေးများကိုလည်း ပေးပို့သော တူမ ဆရာဝန်အားလည်းကောင်း၊ ပြည်ပမှနေ၍ အစားအသောက်များမှာယူပေးပို့ပေးသော အစ်မဖြစ်သူ မိသားစုအားလည်းကောင်း၊ ဝမ်းနည်းကြောင်း ဖုန်း၊ အီးမေးလ်၊ Facebook တို့မှ ပြောကြားပေးသောသူများအားလည်းကောင်း၊ အိမ်တွင် Dead Body ရှိနေစဉ် သက်ပျောက်ဆွမ်းကပ်ခြင်း၊ သရဏဂုံကောင်းစွာတင်ပေးသော ဆရာတော်အားလည်းကောင်း၊ ရက်လည်အတွက် သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများပို့ဆောင်ပေးကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်ဆွေများနှင့် လုပ်ငန်းရှင်များအားလည်းကောင်း၊ နောက်ဆုံးခရီးတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်နိုင်ရန် စီစဉ်ပေးသော နာရေးကူညီမှုအသင်း(ရန်ကုန်)အားလည်းကောင်း၊ ကျန်ရစ်သူမိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးဇူးတင်လွှာအား နောက်ကျမှ ဖော်ပြရခြင်းမှာ ဖခင်ဖြစ်သူ နာရေးနှင့် တစ်ဆက်တည်းဖြစ်သွား၍ ယခုတစ်လပြည့်မှ ပြောကြားရခြင်းကို အနူးအညွတ် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

(၁)လပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း

## ဦးစိန်ဝင်း

Sein Win & Associate Audit Firm

Top Sein Win & Associate Consulting Limited

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တိုက်(၂၆၈)၊ အခန်း(၁၀)၊ ရန်ကင်းမြို့နယ်နေ ကျေးဇူးရှင် ခင်ပွန်း ဦးစိန်ဝင်း (ဦးစိန်ဝင်းနှင့် အဖွဲ့စာရင်းစစ်လုပ်ငန်း)ကွယ်လွန်ခဲ့သည်မှာ ၂၇-၈-၂၀၂၂ ရက်တွင် (၁)လပြည့်ပြီဖြစ်သော်လည်း ယနေ့တိုင် ရုံးသွားနေဆဲဟု ထင်မှတ်လျက်ရှိပါသည်။ အင်္ဂါနေ့တိုင်း ဆွမ်းကြွကိုယ်တော်များသို့ ဆွမ်းချိုင့်နှင့် သစ်သီးများ ကပ်လှူခြင်း၊ ၂၇-၈-၂၀၂၂ ရက်တွင် သိမ်ဖြူလမ်း ပညာရာမိကမဟာ(A)ကျောင်းတိုက်တွင် မြတ်စွာဘုရားအမှူးထား၍ သံဃာတော်အရှင်မြတ်အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဖေကြီး ရှိစဉ်အခါက နတ်တလင်းဓမ္မာရုံကြီး တည်ဆောက်ရေးတွင် စိတ်ရောကိုယ်ပါအားထည့် ဆောင်ရွက်ခဲ့ခြင်း၊ ဓမ္မာရုံကြီးပြီးစီးရန် စိတ်အားထက်သန်စွာ မကြာခဏ ပြောဆိုလုပ်ကိုင်ခဲ့ခြင်းတို့ကြောင့် ဆောက်လုပ်ဆဲ ဓမ္မာရုံကြီးအတွက် ကွယ်လွန်သူဦးစိန်ဝင်းအား ရည်စူး၍ အလှူတော်ငွေကျပ်သိန်းတစ်ရာတိတိကို လှူဒါန်းပါသည်။ ဇာတိဖြစ်သော နတ်တလင်းမြို့တွင် တည်ဆောက်နေသော အောက်ဆီဂျင်စက်ရုံအတွက် ကျပ်ဆယ်သိန်းတိတိကို လှူဒါန်းပါသည်။ ကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများနှင့် ကျန်ရစ်သူများ ပြုလုပ်ပေးသော ဒါနကုသိုလ် ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှကုသိုလ်ပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီး ရရှိခံစား၊ စံစားနိုင်ပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

ဖေကြီးရေ အမျှ...အမျှ...အမျှ...

ကျန်ရစ်သူမိသားစု

---

## ကိုချမ်းငြိမ်းအောင်

အလက(၄)ရန်ကင်း၊

အထက(၂)ရန်ကင်းကျောင်းသားဟောင်း

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄)သီရိဇေယျာလမ်း၊ ဘောက်ထော်ပြည်သာယာ၊ ရန်ကင်းမြို့နယ်နေ ဦးသောင်းဌေး(AE ငြိမ်း) (ဆည်မြောင်းဦးစီးဌာန)-ဒေါ်ဆွေဆွေညွန့်(B.Ed-အထကပြ-ငြိမ်း)တို့၏ ချစ်လှစွာသော သားကြီး၊ မသဇင်အောင်(Director, Giving For The Earth) ၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၄-၈-၂၀၂၂ရက် (အင်္ဂါနေ့) ည ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပြီး ၂၅-၈-၂၀၂၂ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခိုင်ခိုင်စော (ဗိုလ်ကြီး/ငြိမ်း)

စစ်သူနာပြုအပတ်စဉ် (၁၃)

(မြန်မာ့လက်ရွေးစင်သေနတ်ပစ်)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၉၂)၊ ဒုတိယထပ်နေ (ဦးအောင်သိန်း)-ဒေါ်နှင်းအေးတို့၏ သမီး ဒေါ်ခိုင်ခိုင်စောသည် ၂၄-၈-၂၀၂၂ ရက် (အင်္ဂါနေ့) ည (၈:၁၃)နာရီတွင် ရန်ကုန်မြို့ GRAND HANTHA HOSPITAL (ဂရင်းဟံသာဆေးရုံကြီး)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်
အရာထမ်း၊ အမှုထမ်းများ
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

---

## ဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်ပထမဆင့်

## ဦးကိုကိုထွေး

ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

အသက်(၆၇)နှစ်

သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၂ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

သူရဦးမြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-
ဒေါ်အေးအေးထွန်း

---

## ဦးစန်းလွင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ငြိမ်း)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၂)၊ တင့်ဆန်းလမ်းနှင့် ဓမ္မပါလလမ်းထောင့်၊ (၂)လွှာ(B)နေ (ဦးသူတော်-ဒေါ်အေးသန်း)တို့၏သား ဒေါ်မြရီ၏ ခင်ပွန်းသည် ၂၅-၈-၂၀၂၂ ရက် ည ၁၀:၀၅ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးခိုင်ခိုင်စော(ငြိမ်း)

ဗဟိုအလုပ်အမှုဆောင်(EC-024)၊

မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်

နိုင်ငံ့လက်ရွေးစင်အားကစားသမားဟောင်း

အသက်(၆၂)နှစ်

မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်၊ ရွှေတံဆိပ်ဆုရှင် နိုင်ငံ့လက်ရွေးစင်အားကစားသမားဟောင်းဖြစ်သူ ဗိုလ်ကြီးခိုင်ခိုင်စော(ငြိမ်း) သည် ၂၄-၈-၂၀၂၂ ရက်(အင်္ဂါနေ့) ည ၂၀:၁၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်များနှင့် ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်

---

## ဝမ်းနည်းကြေကွဲခြင်း

မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၏ တော်ဝင်(၅)ထပ် အထူးကုဆောင်နှင့် ဆေးရုံကြီး၏ လိုအပ်ချက်များအလှူရှင် အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန် ပထမဆင့် ဦးကိုကိုထွေး ဥက္ကဋ္ဌ၊ တော်ဝင်မိသားစု ကုမ္ပဏီလီမိတက် အသက်(၆၇)နှစ်သည် ၂၃-၈ -၂၀၂၂ ရက် ည ၉ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

ဆေးရုံအုပ်ကြီးနှင့်ဆေးရုံဝန်ထမ်းများ
မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုထွေး(ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)သည် ၂၃-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်
သင်ကြားရေးဆေးရုံကြီးမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုထွေး(ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)သည် ၂၃-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

နှလုံးဆေးကုသဆောင်မိသားစု၊
မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်
သင်ကြားရေးဆေးရုံကြီး

---

## ဒေါ်မူမူမြင့်

အသက်(၆၂)နှစ်

မင်္ဂလာဒုံမြို့နယ်၊ အိမ်အမှတ်(F-1)၊ လေကြောင်းဦးစီးအရာရှိအိမ်ရာနေ (ဦးတင်မြင့်)-ဒေါ်မြရီတို့၏သမီး၊ ဦးမြင့်ဦး-ဒေါ်ကြည်ကြည်သိန်း၊ (ဗိုလ်ကြီးစိန်မြင့်-ငြိမ်း)- ဒေါ်ကြည်ကြည်မြင့်၊ ဒုတိယဗိုလ်မှူးကြီးမြင့်စော(ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဦးဝင်းမြင့်တို့၏ညီမ၊ ဒုတိယဗိုလ်မှူးကြီးအုန်းလွင်(ငြိမ်း)ကျွမ်းကျင်သူ-လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ဇနီး၊ ဗိုလ်ကြီးနိုင်ထူးလွင်-ဒေါက်တာဝေဝေအောင်၏မိခင်၊ မမေဉာဏ်သစ်၏အဘွား ဒေါ်မူမူမြင့်သည် ၂၅-၈-၂၀၂၂ ရက် ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မူမူမြင့်

အသက်(၆၂)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး အုန်းလွင်(ငြိမ်း)၊ ကျွမ်းကျင်သူ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ ဇနီး ဒေါ်မူမူမြင့်သည် ၂၅-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ် (၂၂)မှ
သူငယ်ချင်းများနှင့် မိသားစုများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောရင်

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၃၇)လမ်း၊ အမှတ် (၁၅၄)နေ (ဦးဘိုးရွှေ)၏ဇနီး၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းခိုင်-ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီး မိုးကျော်-ဒေါက်တာသန်းသန်းထိုက်(ပါမောက္ခ-ဌာနမှူး၊ စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မယဉ်မင်းသန့်၊ မထက်ရည်ဝင်းတို့၏အဘွားသည် ၂၆-၈-၂၀၂၂ ရက် (ကြာသပတေးနေ့)နံနက် ၁၀:၁၀ နာရီ တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယနေ့ နေ့လယ်တွင် ထိန်ပင် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယင်းမာညို

အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာနေ (ဦးတင်မောင်ညို-ဒေါ်သိန်းသိန်း)တို့၏သမီးလတ်၊ ဦးမောင်မောင်ဇော်-ဒေါ်ဥမ္မာညိုတို့၏ညီမ၊ ဦးငြိမ်းချမ်း-ဒေါ်လှဲ့မာညိုတို့၏အစ်မ၊ မသိမ့်သဇ္ဇာမျိုးသွင်၏ ကျေးဇူးရှင်မွေးစားမိခင်၊ တူ၊ တူမ သုံးယောက်တို့၏ကျေးဇူးရှင် အဒေါ်သည် ၂၆-၈-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ညိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃-ရပ်ကွက်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်-ဘီ၊ (၄)ခန်းတွဲ(၁၂)ထပ်တိုက်၏ တတိယထပ်၊ အခန်းအမှတ်-၁၊ အကျယ်အဝန်း(၂၃၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တွင် ဦးဘဝင်း ၁၂/ကတတ(နိုင်)၀၁၄၃၈၀ အမည်ဖြင့် တရားဝင်မှတ်သားထားပြီး အမည်ပေါက်ပိုင်ရှင်ဦးဘဝင်းသည် ၁၄-၇-၂၀၂၂ရက်တွင် ကွယ်လွန်ခဲ့ရာ ဇနီး ဒေါ်ညိုညိုသန်း(ခ)ဒေါ်ဆွေဆွေလွင် ၁၃/တကန(နိုင်)၁၃၄၈၂၆ မှ မိမိတရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ရောင်းဝယ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

---

## အမည်မှန်

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာနေ ကျွန်မ မစန်းစန်းနွယ်၏ အမည်မှန်မှာ မစမ်းစမ်းနွယ် ၁၄/ကကန(နိုင်)၀၈၆၁၁၅ ဖြစ်ပါကြောင်း။ မစမ်းစမ်းနွယ်

---

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေး ကျောင်းမှ မောင်ဖွဲ့မာန်ထက် ၁၄/ကခန(နိုင်)၁၁၈၉၉၈ ၏ မိဘအမည်မှန်မှာ ဦးကျော်မင်းနိုင်(ခ)ဦးကျော်မင်းလှိုင်-ဒေါ်ရီရီဌေး ဖြစ်ပါကြောင်း။

---

## မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)ရဲလေ့ကျင့်ရေး ကျောင်းမှ မောင်အောင်ရှိန်း(ခ) မောင်ရာဝမ်ဆင်၏ မိဘအမည်မှန်မှာ ဦးအာခင်တန်(ခ) ဦးအာရ်ခင်တန်-ဒေါ်အာရှင်နဝ်တန် (ခ)ဒေါ်တန်ရှင်နင်တန် ဖြစ်ပါ ကြောင်း။

---

## သစ်ပင်

## နည်းလာ

## တို့ကမ္ဘာ

## လွန်စွာပူအေး

## ဥတုဘေး

## ဩဂုတ် ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၃၅ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၁၁၃ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၄၈၅၀ ဦးရှိ**

(၂၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏ ဆေးကြောခြင်း၊
- တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❄

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်ပသို့ရေထွက်ကုန်တင်ပို့မှု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကို ပြည့်မီရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ကြိုးပမ်းဆောင်ရွက်နေ



ရန်ကုန်ဆိပ်ကမ်း၌ ပြည်ပနိုင်ငံများသို့ ကုန်စည်တင်ပို့နေသည့် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၂၆

ပြည်ပသို့ ရေထွက်ကုန် တင်ပို့ရာတွင် ကုန်တင်သင်္ဘောများ လိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရေထွက်ကုန်တင်ပို့မှု ပုံမှန်လည်ပတ်ခဲ့ရာ ၂၀၂၀-၂၀၂၁ ကာလ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၇၁၅ ဒသမ ၃၃၇ သန်းကို ပြည့်မီရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ▼

## (ယနေ့) သတင်းအညွှန်း


**ကယားပြည်နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များအား ထောက်ပံ့ပေးနေသူသုံးဦးနှင့် အကြမ်းဖက် PDF အဖွဲ့ဝင် ၁၀ ဦး ဖမ်းဆီးရမိ** စာ ၁၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ပြီး PDF အဖွဲ့များထံ ငွေကြေး၊ ရိက္ခာနှင့် လက်နက် ခဲယမ်းထောက်ပံ့ပေးသူများအား ဖောက်ခွဲရေး ပစ္စည်းများ၊ ရိက္ခာပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ** စာ ၂၆


## ကာရာဘောင်ဖလား ဒုတိယအဆင့်တွင် အာဆင်နယ်က ဝက်စ်ဘရွန်းကို ဂိုးပြတ်အနိုင်ယူခဲ့

ကာရာဘောင်ဖလား ဒုတိယအဆင့် ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ ပွဲစဉ်ကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ဝက်စ်ဘရွန်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ **(ယာပုံ)** အာဆင်နယ်အသင်းက ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို အူဘာ မီယန်၊ ပီပီ၊ ဆာကာနှင့် လာကာဇက်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဝက်စ်ဘရွန်းအသင်းသည် ချန်ပီယံရှစ်တွင် ကစားနေသည့် အသင်းဖြစ်ကာ လေးပွဲကစားကာ သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၀ မှတ် ရရှိပြီး အမှတ်ပေးဇယား အဆင့် (၂) နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်တွင် ကစားနေသည့် အသင်းဖြစ်ပြီး နှစ်ပွဲ ကစားထားကာ အသင်းက နှစ်ပွဲစလုံး

*စာမျက်နှာ ၁၁ ကော်လံ ၄* ❑

